ကြေးမုံ
The Mirror

၁၃၆၇ခုနှစ်၊ ဦးတန်ခူးလဆန်း၁၃ရက်၊ ကြာသပတေးနေ့၊ (21-4-2005)(၄၅၇၂)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် အမှတ်(၃) လမ်းမကြီးပေါ်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင် ဆိုင်အမှတ် (၀၀၈) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (စွမ်းအင်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံ ဒုတိယမြောက် အယ်လဇ္ဇဘက် ဘုရင်မကြီး၏မွေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဧပြီ ၂၁

၂၀၀၅ခုနှစ် ဧပြီ ၂၁ရက်တွင်ကျရောက်သည့် ယူနိုက်တက်ကင်းဒမ်းနှင့်မြောက်အိုင်ယာလန်နိုင်ငံ ဒုတိယမြောက် အယ်လဇ္ဇဘက်ဘုရင်မကြီး၏ မွေးနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ယူနိုက်တက်ကင်းဒမ်းနှင့် မြောက်အိုင်ယာလန်နိုင်ငံ ဒုတိယမြောက် အယ်လဇ္ဇဘက်ဘုရင်မကြီးထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

မင်္ဂလာဒုံမြို့နယ် အမှတ်(၃)လမ်းမကြီးပေါ်ရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်အမှတ် (၀၀၈) ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၀

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်အမှတ်(၀၀၈) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် အမှတ်(၃) လမ်းမကြီးပေါ်ရှိ အဆိုပါအရောင်းဆိုင်ရှေ့၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ အမှတ်(၁)စစ်ဒေသမှူး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းညွှန်ကြားရေးမှူး ဦးမြင့်ဌေးက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်နှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေက မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများ၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူး ဦးမြင့်ဌေးက လိုက်လံရှင်းလင်းပြသသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများ၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ခရီးသည်တင် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ ဖြည့်သွင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး အရောင်းဆိုင်ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၁-၄-၂၀၀၅
(ကြာသပတေးနေ့)

နိုင်ငံတော်တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီပူးပေါင်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ကွက်ပြည့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်စုံကဏ္ဍစုံက အရှိန်အဟုန်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ကဏ္ဍ အသီးသီး၌ ဖြန့်ကြက်ဖော်ဆောင်လျက်ရှိသည်။

ရခိုင်ပြည်နယ်အတွင်း ပထဝီအနေအထားအရ အချက်အချာကျသော်လည်း လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်သဖြင့် ဖွံ့ဖြိုးမှု နောက်ကျနေခဲ့သည့် အမ်းမြို့နယ်ကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ယခုအခါ လမ်းပန်းဆက်သွယ်ရေးကအစ ဒေသဖွံ့ဖြိုးရေးကို အလေးပေးဆောင်ရွက်နေသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် အဖွဲ့ဝင်များလိုက်ပါလျက် ဧပြီလ ၁၇ ရက်နေ့က ရခိုင်ပြည်နယ် အမ်းမြို့ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမ်းတပ်နယ်ရှိ အမ်းရိုးမခန်းမသို့ သွားရောက်ကာ အမ်းတပ်နယ်အတွင်းရှိ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက **ဒေသတစ်ခု၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးသည် ယင်းဒေသတွင် မှီတင်းနေထိုင်ကြသည့် ပြည်သူတစ်ဦးချင်း၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် မှီတည်နေကြောင်း၊ ပြည်သူတစ်ဦးချင်း ဖွံ့ဖြိုးတိုးတက်လာမှ မိသားစု၊ ရပ်ရွာဒေသ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းနှင့်တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း** ပြောကြားသွားသည်။

အမ်းမြို့နယ်ဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် လမ်းပန်းဆက်သွယ်ရေးကို ဆောင်ရွက်ပေးရာတွင် မင်းဘူး-အမ်း-စစ်တွေ လမ်းမကြီးသာမက အမ်း-တောင်ကုတ်-သံတွဲ-ဂွလမ်းမကြီးနှင့် အမ်း-ကျောက်ဖြူလမ်းမကြီးတို့ပါ ပေါ်ထွန်းလာခဲ့ပြီ ဖြစ်သည်။

ထို့အတူ မြို့လူထုသောက်သုံးရေအတွက် ဟင်းရွက်ချောင်းဆည်နှင့် ဒေသခံပြည်သူများ၏ ကျန်းမာရေးအတွက် ခုတင် (၁၀၀) ဆံ့ ဆေးရုံသစ်ကြီးကိုလည်း တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

ထို့ပြင် လေယာဉ်ပြေးလမ်း ပေ ၈၀၀၀ ကျော်ရှိသည့် အမ်းလေယာဉ်ကွင်းကြီးကို တည်ဆောက်လျက်ရှိသကဲ့သို့ အမ်းမြို့နယ် လျှပ်စစ်မီးပိုမိုရရှိရေးအတွက် အမ်းချောင်းရေအားလျှပ်စစ် စီမံကိန်းကိုလည်း အကောင်အထည်ဖော်တော့မည် ဖြစ်ကြောင်း သိရသည်။ ကျောက်ဖြူမြို့ ဖွံ့ဖြိုးရေးအတွက်လည်း အစီအမံများ ချမှတ်ဆောင်ရွက်နေရာ ကျောက်ဖြူမြို့၏ တံခါးပေါက်ဟု ဆိုရမည့် အမ်းမြို့နယ်သည်လည်း ပိုမိုတိုးတက်စည်ပင်လာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ရည်မှန်းတည်ဆောက်လျက်ရှိခြင်းသည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအားလုံး အကျိုးအတွက်ပင် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပြည်သူများအနေဖြင့် ပိုမိုတက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည် ဖြစ်သည်။

ထို့အတူ နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့တာဝန်ထမ်းဆောင်ရာဒေသကို မိမိတို့၏ ဇာတိရပ်ရွာကဲ့သို့ သဘောထားကာ နိုင်ငံတော်အစိုးရကိုယ်စား ပြည်သူများ၏အကျိုးကို ကြိုးပမ်းဖော်ဆောင်ပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသဖွံ့ဖြိုးရေးမှသည် နိုင်ငံတော်တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့်အတူ တိုင်းရင်းသား ပြည်သူများ၊ ဝန်ထမ်းများအားလုံး တက်ညီလက်ညီ လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူးဗိုလ်ချုပ်ကိုကို တိုင်းဧချမ်းဓမ္မာရုံကြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး သက်ကြီးပူဇော်ပွဲအခမ်းအနားတက်ရောက်၊ လှူဖွယ်ပစ္စည်းများပေးအပ်

ရန်ကုန် ဧပြီ ၂၀

တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၏ တိုင်းဧချမ်းဓမ္မာရုံ ဖွင့်လှစ်ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် နံနက်ပိုင်းက အဆိုပါဓမ္မာရုံကြီး၌ ကျင်းပရာ ရှေးဦးစွာ တောင်ငူမြို့ မြို့နယ်သံဃနာယကဥက္ကဋ္ဌ၊ နဂါးရုံကျောင်းတိုက် ဆရာတော် မဟာဂန္ထဝါစက ဘဒ္ဒန္တပဏ္ဍဝ အမှူးပြုသော ဆရာတော်၊ သံဃာတော်များက တိုင်းဧချမ်းဓမ္မာရုံကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဇနီး၊ တာဝန်ရှိသူများက ဆရာတော်၊သံဃာတော်များအားအရဏ်ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး တိုင်းမှူးက တိုင်းဧချမ်းဓမ္မာရုံကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ငါးပါးသီလခံယူ

ယင်းနောက် အခမ်းအနားကို အဆိုပါ ဓမ္မာရုံကြီး၌ ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ကြာနီကန် စာသင်တိုက် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသူရိယထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြပြီး တိုင်းမှူး နှင့် ဇနီး တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် တိုင်းမှူးက ဓမ္မာရုံကြီး ဖြစ်မြောက်ရေး ပါဝင်လှူဒါန်းခဲ့ကြသော စေတနာရှင်၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ညနေ ၄ နာရီခွဲတွင် တိုင်းမှူးသည် အဆိုပါ တိုင်းဧချမ်းဓမ္မာရုံ၌ ကျင်းပသည့် တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၏ သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး တက်ရောက်လာကြသူများနှင့်အတူ အဘိုး၊ အဘွားများအား ကန်တော့၍ ကန်တော့ခံ အဘိုး၊ အဘွား ၁၉ ဦးတို့အား အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

အထက(၁)စမ်းချောင်း အာစရိယပူဇော်မည်

ရန်ကုန် ဧပြီ ၂၀

အထက(၁)စမ်းချောင်း၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၁ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ အာစရိယပူဇော်ပွဲအတွက် ပါဝင်လှူဒါန်းလိုသူများသည် ဆရာဦးသိန်းမြင့် ဖုန်း-၂၄၃၇၄၈၊ ဦးညွန့်သန်း ဖုန်း-၅၀၁၉၁၉၊ ဦးလှအောင်ရွှေ(ရွှေမိသားစု)ဖုန်း-၅၀၂၆၈၁၊ ၅၀၂၆၈၂၊ ၅၀၃၇၁၆၊ ဦးသက်ဦး ဖုန်း-၂၄၂၄၂၄၊ ဦးမောင်မောင်ဌေး ဖုန်း-၅၂၆၃၆၂၊ ဦးစိုးနိုင်(အေးမေတ္တာကားပစ္စည်းဆိုင်၊ တောင်ဥက္ကလာပ) ဖုန်း-၅၆၅၈၈၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

ကျုံပျော်မြို့နယ်တွင် ကျေးလက်မြေသားလမ်းဖွင့်

ရန်ကုန် ဧပြီ ၂၀

ကျုံပျော်မြို့နယ် မန်းစက္ကူ-ကွင်းလျှား-သာယာကုန်း- သစ်မသီ-မန်းကြာ-အထောင် ကိုယ့်အားကိုယ်ကိုး ကျေးလက်မြေသားလမ်း ဖွင့်ပွဲကို ဧပြီ ၁၁ ရက် နံနက် ၉ နာရီတွင် အဆိုပါ လမ်းမင်္ဂလာမုခ်ဦးရှေ့တွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုရဲမှူး ကံဌေးက အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင် ဒုရဲမှူး ကံဌေး၊ အတွင်းရေးမှူး ဦးဇာနည်အောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အဆိုပါ မြေသားလမ်းသည် အရှည် ခုနစ်မိုင်၊ အကျယ်ပေ ၂၀၊ အမြင့်သုံးပေ စုစုပေါင်းကုန်ကျငွေကျပ် ၇၀၀၀၀၀၀ ဖြင့် ကုန်ကျခံဆောင်ရွက်ခဲ့ပြီး ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ကျောက်ချောလမ်း ဆောင်ရွက်မည် ဖြစ်သည်။ (မြို့နယ်စည်ပင်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်မှု ဝိုင်းဝန်းကူညီဆောင်ရွက်ရန်

၂၀၀၅ခုနှစ်၊ ဧပြီလ (၁၉)ရက်နေ့ထိ နိုင်ငံအဝန်းတွင်ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၅၉၈၂)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ခရိုင်/မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

ထူးခြားသည့် နေ့အပူချိန်များ

၂၀-၄-၂၀၀၅

မုံရွာ
၄၄ ဒီဂရီစင်တီဂရိတ်
(၁၁၁ ဒီဂရီဖာရင်ဟိုက်)

မြင်းခြံနှင့်မကွေး
၄၃ ဒီဂရီစင်တီဂရိတ်
(၁၀၉ ဒီဂရီဖာရင်ဟိုက်)

တိပိဋကဓရ ဆရာတော်ကြီးများအား ပူဇော်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး တက်ရောက်ကြည်ညို

ရန်ကုန် ဧပြီ ၂၀

တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိကဆရာတော် ငါးပါး၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် သုံးပါးနှင့် တိပိဋကဓရဆရာတော် နှစ်ပါး ပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၅နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်းရှိ ကံမြင့်ကျောင်းတိုက်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်ကြည်ညိုပူဇော်သည်။

အခမ်းအနားသို့ အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက မဟာဂန္ဓာရုံ ဆရာတော် ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရနှင့် အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသတို့ အမှူးပြုသော ဆရာတော် သံဃာတော်များကြွရောက်တော်မူကြပြီး အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မျိုးမြင့်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အလှူရှင်များ၊ တပည့်ဒါယကာ ဒါယိကာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုပူဇော်ကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီး ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပူဇော်ပွဲအခမ်းအနားကိုကျင်းပရာ ရှေးဦးစွာ ဆရာတော် သံဃာတော်များ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီး ဒေါ်ခင်သက်ဌေးနှင့် ဧည့်ပရိသတ်များသည် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပေးကြသည်။

ခံယူဆောက်တည်

ထို့နောက် အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက မဟာဂန္ဓာရုံ ဆရာတော် ဘဒ္ဒန္တ သုမင်္ဂလာလင်္ကာရထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဇနီး ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ယောဆရာတော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေး တိပိဋကဓရဆရာတော်ကြီးများ ပူဇော်ပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (ရန်ကုန်တိုင်း)

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အိန္ဒိယ ပုံနှိပ်စက်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာတွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အိန္ဒိယ သမ္မတနိုင်ငံ နယူးဒေလီ Sarita Vihar ရှိ Pressline India Private Limited မှ Managing Director Mr. Satish Bajwaက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီ Sarita Vihar ရှိ Pressline India Private Limited မှ Managing Director Mr. Satish Bajwa သည် ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်စာတည်းမှူးချုပ်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ရုံးအဖွဲ့မှူးတို့လည်း တက်ရောက်ကြသည်။ (သတင်းစဉ်)

မြောင်းမြမြို့ မဟာသင်္ကြန် ပျော်ပျော်ရွှင်ရွှင်ဆင်နွှဲ

ရန်ကုန် ဧပြီ ၂၀

မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော် ရေကစားမဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၄ရက်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရေကစားမဏ္ဍပ်၌ ကျင်းပရာ မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွင့်ဝင်းက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

မြောင်းမြမြို့ပေါ်တွင် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များမှ ရေကစားမဏ္ဍပ်များ ဆောက်လုပ်၍ ပျော်ရွှင်စွာ ရေကစားကြပြီး ညပိုင်းတွင် ရပ်ကွက်များမှ ယိမ်းအကပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပကြသည်။ သင်္ကြန်အတက်နေ့တွင် ယိမ်းပြိုင်ပွဲများ ဆုပေးပွဲကို ကျင်းပရာ နှစ်သိမ့်ဆု၊ အထူးဆုနှင့် တတိယ၊ ဒုတိယဆုများကို တာဝန်ရှိသူများက အသီးသီးချီးမြှင့်ကြပြီး ပထမဆုရ မြောင်းမြဂုဏ်နီစက်ရုံအသင်း ယိမ်းအဖွဲ့အား မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွင့်ဝင်းက ငွေသားဆု ကျပ်တစ်သိန်းချီးမြှင့်ကာ သင်္ကြန်ပွဲတော်ကို ပိတ်သိမ်းလိုက်သည်။

နှစ်ဆန်းတစ်ရက် (ဧပြီ ၁၇ရက်) နံနက်တွင် မြောင်းမြခရိုင် အဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးဟန် ဦးဆောင်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ စုပေါင်း၍ ငါးသားပေါက်ကောင်ရေ ၁၈သိန်းကို မြောင်းမြမြစ်အတွင်းသို့ ငါးလွှတ်ပွဲကျင်းပသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် အမှတ်(၅၃)၊ သုံးလွှာ၊ လမ်း ၁၃၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ကွယ်လွန်သူ ဦးဘခင်–ဒေါ်လေး (ကျောက်တန်း) နှင့် ဗိုလ်ကြီးစိန်လွင်ဦးတို့အား ရည်စူး၍ ဒေါ်သန်းဝင်း၊ သမီး ဒေါ်ခင်စိန်မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ ကိုဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်အေး ထံပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကွယ်လွန်သူ ညီအစ်ကိုမောင်နှမများနှင့် ဇနီးဒေါ်တင်စိန်အား ရည်စူး၍ အမှတ်(၂၆)၊ ၆–လမ်း၊ ကျိုက်လတ်မြို့နေ ဦးကျော်မြင့်က ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းပဒေသာပင် ငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘဉာဏ်(ငြိမ်း) လက်ခံစဉ်။ (က–ပ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ခုနှစ်၊ ဧပြီလအတွက်

နောက်ဆုံးပတ် (တနင်္ဂနွေနေ့) (၂၄–၄–၂၀၀၅)ရက်နေ့

၂၀၀၅ခုနှစ်၊ မေလအတွက်

(၈–၅–၂၀၀၅)ရက်နေ့နှင့် (၂၉–၅–၂၀၀၅)ရက်နေ့။

အိန္ဒိယခေါင်းဆောင်များနှင့် ပါကစ္စတန်သမ္မတ တွေ့ဆုံဆွေးနွေး
သမ္မတ မူရှာရက်ဖ်၏ခရီးစဉ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထောက်ကူ

နယူးဒေလီ ဧပြီ ၁၉

အိန္ဒိယနိုင်ငံ မြို့တော် နယူးဒေလီသို့ အလည်အပတ်ရောက်ရှိနေသော ပါကစ္စတန်သမ္မတ ပါဗက်ဇ် မူရှာရက်ဖ်သည် အိန္ဒိယခေါင်းဆောင်များနှင့် တနင်္ဂနွေနေ့က တွေ့ဆုံဆွေးနွေးသည်။ မူရှာရက်ဖ်၏ ခရီးစဉ်သည် အိန္ဒိယနိုင်ငံနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဖော်ဆောင်ရေးအတွက် ကြီးမားသော အကျိုးရလဒ်များကို ဖြစ်ထွန်း ပေါ်ပေါက်စေကြောင်း ဒေသဆိုင်ရာ သတင်းများတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံ ရာဂျာစသန်ပြည်နယ်ရှိ မူနာဘာအိုမြို့နှင့် ပါကစ္စတန်နိုင်ငံ ခိုခါရာပါမြို့တို့ကို ဆက်သွယ်သည့် ရထားလမ်းကြောင်းကို ဒီဇင်ဘာလထက် နောက်မကျဘဲ ဖွင့်လှစ်ရန် မူရှာရက်ဖ်နှင့် အိန္ဒိယ ဝန်ကြီးချုပ် မန်မိုဟန်ဆင်းတို့ နယူးဒေလီတွင် ပြုလုပ်သည့် နှစ်နာရီခွဲကြာ ဆွေးနွေးပွဲတွင် သဘောတူညီခဲ့ကြသည်။

သဘောတူညီ

နှစ်ပိုင်းကွဲနေသည့် ကက်ရှ်မီးယားဒေသကို ဆက်သွယ်သော ဘတ်စ်ကားခရီးစဉ်များ တိုးချဲ့ပြေးဆွဲရန်လည်းကောင်း၊ နှစ်နိုင်ငံ ပူးတွဲကော်မရှင်၏ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် ကုန်သွယ်ရေးဆက်ဆံမှုများ သိသိသာသာ တိုးမြှင့်ရန်လည်းကောင်း အိန္ဒိယနှင့် ပါကစ္စတန် ခေါင်းဆောင်များ ဆွေးနွေးပွဲ၌ သဘောတူညီခဲ့ကြသည်။

ထူထောင်

အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့၏ ပုဂ္ဂလိကကဏ္ဍများအကြား ဆက်သွယ်မှုများ တိုးမြှင့်နိုင်စေရေးအတွက် ပူးတွဲစီးပွားရေးလုပ်ငန်းကောင်စီ တစ်ရပ် ထူထောင်ကြရန်လည်း မူရှာရက်ဖ်နှင့် ဆင်းတို့ သဘောတူညီခဲ့ကြသည်။

ဆွေးနွေး

နှစ်နိုင်ငံ ခေါင်းဆောင်များ တွေ့ဆုံရာတွင် ကက်ရှ်မီးယား အရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း၊ နှစ်နိုင်ငံသယ်ယူပို့ဆောင်ရေးဆက်သွယ်မှုများ မြှင့်တင်ရန်၊ နှစ်နိုင်ငံ ပြည်သူများအကြား နယ်စပ်ဒေသ ကူးလူးသွားလာမှုများ တိုးချဲ့ရန်၊ နယ်စပ်ဒေသ ကုန်သွယ်ရေးလုပ်ငန်းများ တိုးတက်ဆောင်ရွက်ရန် အိန္ဒိယဝန်ကြီးချုပ်က အလေးအနက်ပြု ပြောဆိုခဲ့ကြောင်း ဆွေးနွေးပွဲအပြီးတွင် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက သတင်းထောက်များအား ပြောကြားသည်။

အမ်အင်အေ၊ ပီတီအိုင်။

ဖိလစ်ပိုင်နိုင်ငံ မြို့တော် မနီလာရှိ ဆိပ်ကမ်းတွင် ပြည်ပသို့ တင်ပို့မည့် ကုန်သေတ္တာများအား သင်္ဘောပေါ်သို့ တင်ဆောင်နေသည်ကို ဧပြီ ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နိုင်ငံခြားသားကျောင်းသားဦးရေ တိုးပွားလာ

ဒါကာ ဧပြီ ၁၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နိုင်ငံခြားသားကျောင်းသားဦးရေ တိုးပွားလာသည်။ ထိုသို့ တိုးပွားလာရခြင်းသည် ပုဂ္ဂလိကတက္ကသိုလ်များတွင် ခေတ်မီနည်းစနစ်များ ကျင့်သုံးခြင်းနှင့် အခြားအထောက်အကူများပါ ရရှိနေသော အခြေအနေများရှိနေ၍ ဖြစ်သည်ဟု သတင်းတစ်ရပ်၌ ဖော်ပြသည်။

တိုးတက်လာ

တက္ကသိုလ်ကော်မရှင်အဖွဲ့က နှစ်ပတ်လည် အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့သည်။ ထိုအစီရင်ခံစာတွင် ဘင်္ဂလားဒေ့ရှ်တက္ကသိုလ်များ၌ နိုင်ငံခြားသား ကျောင်းသားဦးရေသည် ယခင်သုံးနှစ်ကာလက ၃၅၁ ဦးသာ ရှိခဲ့ရာမှ ယခုအခါ ၆၁၃ ဦးအထိ တိုးတက်လာသည်ဟု ဖော်ပြထားသည်ကို ကိုးကား၍ အင်ဒီပန်းဒန့် သတင်းစာက ရေးသားဖော်ပြသည်။

အစိုးရတက္ကသိုလ်များတွင် နိုင်ငံခြားသား ကျောင်းသားများသည် ယခင်က ၁၈၅ ဦးရှိရာမှ ယခုအခါ ၂၅၀ ဦးသို့လည်းကောင်း၊ ပုဂ္ဂလိကတက္ကသိုလ်များတွင် ၁၆၆ ဦးမှ ၃၆၃ ဦးအထိလည်းကောင်း ကျောင်းသားဦးရေ အသီးသီး တိုးမြှင့်လာသည်။

ပါဝင်

ဒါကာတက္ကသိုလ်သည် အစိုးရတက္ကသိုလ်များထဲတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ထိုအထဲတွင် ဆေးကောလိပ်သို့ ဝင်ရောက်လာသော နိုင်ငံခြားသားကျောင်းသားဦးရေသည် ၆၄ ဦးရှိသည်။

ထိုနိုင်ငံခြားသား ကျောင်းသားများသည် မလေးရှား၊ တရုတ်၊ ဆိုမာလီ၊ နီပေါ၊ ဘူတန်၊ ပါကစ္စတန်နှင့် အီရန်နိုင်ငံတို့မှ ကျောင်းသားများ ဖြစ်ကြသည်။ အဆိုပါ ကျောင်းသားများသည် အင်ဂျင်နီယာပညာရပ်နှင့် ဆေးသိပ္ပံပညာရပ်တို့တွင် ပညာသင်ကြားရန် လာရောက်ကြသူများ ဖြစ်သည်ဟု သတင်းစာတွင် ရေးသားဖော်ပြထားသည်။

အကယ်၍ အဆင့်အတန်းမြင့် ပညာရပ်၊ နေထိုင်ရေးဆိုင်ရာ အခြေအနေများ၊ နိုင်ငံရေးဆိုင်ရာ တည်ငြိမ်မှုနှင့် ပညာတော်သင်ဆုများ ပေးအပ်မည်ဆိုပါက နိုင်ငံခြားသားကျောင်းသားများ ထပ်မံ တိုးပွားလာမည်ဖြစ်သည်ဟု အဆိုပါအစီရင်ခံစာက ဖော်ပြထားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဟိုချီမင်းစီးတီးတွင် အိမ်ရာစီမံကိန်းအကောင်အထည်ဖော်မည်
တရုတ်နှင့်ဗီယက်နမ် ရင်းနှီးချစ်ကြည်မှုမြှင့်တင်သည့်စီမံကိန်းဖြစ်

ဟိုချီမင်းစီးတီး ဧပြီ ၁၈

ဗီယက်နမ်တောင်ပိုင်း ဟိုချီမင်းစီးတီးတွင် အထပ်မြင့် ကွန်ဒိုမီနီယံ အိမ်ရာ တည်ဆောက်ရေး စီမံကိန်းတစ်ရပ်ကို စနေနေ့က စတင်လိုက်သည်။ တရုတ်နိုင်ငံ အထူးအုပ်ချုပ်ခွင့်ရဒေသ ဟောင်ကောင်နှင့် ဗီယက်နမ်နိုင်ငံတို့၏ ဖက်စပ်စီမံကိန်းဖြစ်သော ယင်းစီမံကိန်းအရ အထပ်ပေါင်း ၃၇ ထပ်ရှိ တိုက်ခန်းတွဲ နေအိမ်ခန်းများနှင့် အိမ်ရာများကို တည်ဆောက်သွားမည်ဖြစ်သည်။

"ဆေးဂုံပုလဲစီမံကိန်း"ဟု အမည်ပေးထားသော အဆိုပါစီမံကိန်းသည် ဗီယက်နမ်နိုင်ငံတွင်ယခင်ကလုပ်ဆောင်ခဲ့ဖူးခြင်းမရှိသော အိမ်ရာတည်ဆောက်ရေး စီမံကိန်းတစ်ရပ်ဖြစ်သည်။

တည်ဆောက်

စီမံကိန်းလုပ်ငန်းအရ အထပ် ၃၇ ထပ်ရှိ တိုက်ခန်းတွဲ အိမ်ရာ ၁၀ လုံးခန့်၊ အထပ် ၁၃ ထပ်မှ ၂၅ ထပ်ရှိ ရုံးအဆောက်အအုံလေးလုံးတို့ကို တည်ဆောက်မည်ဖြစ်ကြောင်း၊ယင်းစီမံကိန်းသည် တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့အကြား ရင်းနှီးချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သည့်လက္ခဏာတစ်ရပ်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကျယ်ဝန်း

အမေရိကန်ဒေါ်လာ ၁၅၆ သန်းရှိ ရန်ပုံငွေဖြင့် အကောင်အထည်ဖော်မည့် အိမ်ရာစီမံကိန်းအရ တိုက်ခန်းပေါင်း ၂၁၄၄ ခန်း တည်ဆောက်ရန် ဖြစ်ကြောင်း၊ တိုက်ခန်းတစ်ခန်းလျှင် ၈၂ စတုရန်းမီတာမှ ၃၂၈ စတုရန်းမီတာအထိ ကျယ်ဝန်းမည်ဖြစ်ကြောင်း၊ ရုံးခန်းအနေဖြင့် အခန်းပေါင်း ၂၅၀ ရှိမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဂျပန်နိုင်ငံ မြို့တော် တိုကျိုရှိ ကုန်တိုက်တွင် ဈေးဝယ်နေသူများကို ဧပြီ ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဟောင်ကောင်နှင့် ဟန်ကျိုးလေဆိပ် ဖက်စပ်လုပ်ငန်းထူထောင်

ဟောင်ကောင် ဧပြီ ၁၇

ဟောင်ကောင်လေဆိပ် အာဏာပိုင်အဖွဲ့နှင့် ဟန်ကျိုးစီရှန် နိုင်ငံတကာလေဆိပ်တို့သည် ဖက်စပ်လုပ်ငန်းတစ်ရပ် ထူထောင်လိုက်ကြောင်း မီဒီယာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဟောင်ကောင်လေဆိပ် အာဏာပိုင်အဖွဲ့က အမေရိကန်ဒေါ်လာ ၂၄၃ သန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း အစိုးရက သောကြာနေ့တွင် ထုတ်ပြန်သည့် သတင်းကြေညာချက်တွင် ဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

နိုင်ငံခြားစာကြည့်တိုက်များသို့ တရုတ်က စာအုပ်များလှူဒါန်း

ပေကျင်း ဧပြီ ၁၉

တရုတ်အစိုးရသည် အမေရိကန်ဒေါ်လာ ၂၄၀၉၀၀ တန်ဖိုးရှိ စာအုပ်ပေါင်း ၁၅၀၀၀ ကို နိုင်ငံပေါင်း ၂၀ နီးပါးရှိ စာကြည့်တိုက် ၄၀ ကျော်ထံ လွန်ခဲ့သည့် သုံးနှစ်တာကာလက ပေးအပ် လှူဒါန်းလိုက်ကြောင်း နိုင်ငံတော်ကောင်စီ လက်အောက်ရှိ ပြန်ကြားရေးရုံးက ဖော်ပြသည်။

တရုတ်နိုင်ငံအကြောင်းကို နိုင်ငံခြားသားများ ပိုမိုသိရှိနိုင်စေရန်အတွက် နိုင်ငံခြားတိုင်းပြည်များရှိ စာကြည့်တိုက်များထံ ပုံနှိပ်စာအုပ်သစ်များနှင့် ရုပ်ပုံအယ်လ်ဘမ်များ လှူဒါန်းရန် အစိုးရက ၂၀၀၂ ခုနှစ်တွင် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။

လေ့လာနိုင်

ရုရှား၊ အမေရိကန်၊ ဗြိတိန်၊ ဂျာမနီ၊ ပြင်သစ်နှင့် ဩစတြေးလျ နိုင်ငံတို့မှ စာဖတ်ပရိသတ်များသည် တရုတ်နိုင်ငံ၏သမိုင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် တရုတ်နိုင်ငံအကြောင်း နောက်ဆုံးပေါ် သတင်းများကို အလွယ်တကူ လေ့လာနိုင်မည်ဖြစ်ကြောင်း ပြန်ကြားရေးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

တရုတ်အစိုးရက လှူဒါန်းသော စာအုပ်များနှင့် ရုပ်ပုံအယ်လ်ဘမ်များကို နိုင်ငံခြားတိုင်းပြည်များရှိ စာကြည့်တိုက်အားလုံးက နှစ်သက်သည်ဟု သိရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အီလက်ထရွန်းနစ် ထုတ်ကုန်များ ဗီယက်နမ် တိုးမြှင့် တင်ပို့မည်

ဟန္နိုင် ဧပြီ ၁၈

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် အီလက်ထရွန်းနစ် ထုတ်ကုန်ပစ္စည်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံဖိုးကို ပြည်ပသို့ တင်ပို့ရောင်းချမည်ဖြစ်ကြောင်း ဗီယက်နမ်အီလက်ထရွန်းနစ် စက်မှုလုပ်ငန်းအဖွဲ့က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ကုန်သွယ်ရေးလုပ်ငန်းများကိုမြှင့်တင်လျက်ရှိကြောင်း၊ နိုင်ငံတကာကုန်စည်ပြပွဲများ ကျင်းပခြင်း၊ တရုတ်၊ ဂျပန်၊ ပြင်သစ်နှင့် တောင်ကိုရီးယားနိုင်ငံတို့တွင် ဈေးကွက်သုတေသနလုပ်ငန်းများ အကောင်အထည်ဖော်ခြင်း၊ အီလက်ထရွန်းနစ်လုပ်ငန်းများအရ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း တို့မှတစ်ဆင့် အီလက်ထရွန်းနစ် ထုတ်ကုန်ပစ္စည်းများကို တိုးမြှင့်တင်ပို့နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း အဆိုပါ အဖွဲ့က ပြောကြားသည်။

သုံးစွဲသွားမည်

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် ကုန်သွယ်ရေးမြှင့်တင်ရန် ဒေါင်ငွေ ၃ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၉၁၀၀၀) သုံးစွဲသွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ ရှန်တောင်ပြည်နယ်တွင် ဇူလိုင်လအတွင်း ကျင်းပမည့် အာရှ အီလက်ထရွန်းနစ် ဖိုရမ်ဆွေးနွေးပွဲသို့ ဗီယက်နမ် အီလက်ထရွန်းနစ် ကုမ္ပဏီများမှ ကိုယ်စားလှယ်များ တက်ရောက်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပညာရေးဖွံ့ဖြိုးတိုးတက်ရေး အာဖရိကဝန်ကြီးများ ဆွေးနွေး

အယ်လ်ဂျီးယားစ် ဧပြီ ၁၈

အာဖရိကသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများမှ ပညာရေးဝန်ကြီးများသည် အာဖရိကတွင် ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်လျက် တစ်ကမ္ဘာလုံး ဆက်နွှယ်ဆက်သွယ်ဖြစ်ပေါ်မှု၏ စိန်ခေါ်မှုကို နိုင်နင်းစွာ ဖြေရှင်းနိုင်ရေးအတွက် မူဘောင်တစ်ရပ်ချမှတ်ရန် အယ်လ်ဂျီးရီးယားနိုင်ငံတွင် စနေနေ့က တွေ့ဆုံကြသည်။

ပညာရေး ဖွံ့ဖြိုးတိုးတက်မှုများ လျင်မြန်စွာ ဖြစ်ပေါ်ရေးကို ဦးတည်လျက် ဒုတိယအကြိမ်မြောက် အာဖရိကသမဂ္ဂ ပညာရေးဝန်ကြီးများ ညီလာခံကိုယ်စားလှယ်များက ဆွေးနွေးပြီး မဖွံ့ဖြိုးသေးသော အာဖရိက၏ ပညာရေးအဆင့်အတန်းတိုးတက်ရေး အစီအစဉ်များပါဝင်သည့် မူဘောင်တစ်ရပ်ကို ဆုံးဖြတ်ချမှတ်မည်ဖြစ်သည်။ ယင်းဆုံးဖြတ်ချက်ကို လာမည့်နှစ်တွင် ဆူဒန်နိုင်ငံ၌ ကျင်းပမည့် အာဖရိကသမဂ္ဂ ထိပ်သီးအစည်းအဝေးသို့ တင်သွင်းမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့က စီးပွားရေးတိုးတက်မှု အဟန့်အတားများကို သတိပေးဖော်ပြ

ဝါရှင်တန် ဧပြီ ၁၉

ကမ္ဘာ့စီးပွားရေးသည် အနာဂတ်ကာလတွင် ဆက်လက်တိုးတက်စရာ အလားအလာရှိနေသည်။ သို့သော် ကုန်ဈေးနှုန်းများ မြင့်တက်ခြင်း၊ ကမ္ဘာ့စီးပွားရေးတွင် မညီမျှမှုများ ဖြစ်ပေါ်နေခြင်း၊ ကမ္ဘာ့ ငွေကြေးလဲလှယ်နှုန်းများ မတည်မငြိမ် ဖြစ်နေခြင်းနှင့် ဘဏ်တိုးနှုန်းများ မြင့်တက်လာမည့် အခြေအနေများရှိနေခြင်း စသည့်အချက်များသည် စီးပွားရေး တိုးတက်မှုကို ထိခိုက်စေနိုင်ကြောင်း ဧပြီ ၁၆ ရက်က ထုတ်ပြန်သော ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ယခု ၂၀၀၅ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးသည် ဆက်လက် တိုးတက်စရာ ရှိသည်။ တစ်ဖက်တွင်လည်း ဒေသတစ်ခုနှင့်တစ်ခု စီးပွားရေး မညီမျှမှု၊ ရေနံဈေးနှုန်းများ ဆက်လက်မြင့်တက်နေမှုနှင့် ရေနံဈေးကွက် မတည်ငြိမ်မှုစသောအခြေအနေများက အဟန့်အတားပြုလျက်ရှိသည်ဟုကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့၏ နှစ်ဝက် အစီရင်ခံစာတွင် ဖော်ပြထားသည်။

အကျပ်အတည်း

ကမ္ဘာ့ရေနံဈေးကွက်ကို လေ့လာမည်ဆိုပါက ကာလလတ် အချိန်တာအတွင်း ဝယ်လိုအား တိုးပွားလာစရာရှိနေသည်။ ထို့အပြင် ရောင်းလိုအားပိုင်း၌ ရေနံတိုးထုတ်စရာ အရန်ရေနံသိုက် များများစားစား မရှိခြင်းတို့ကြောင့် ရေနံဈေးကွက်တွင် အကျပ်အတည်းများ ရှိနေမည်ဖြစ်ကြောင်း သတိပေးထားသည်။

ထိုအကျပ်အတည်းကို သက်သာစေရန်အတွက်နှင့် ရေနံဈေးကွက်ကို တည်ငြိမ်မှုရှိစေရန် ယင်းလုပ်ငန်းတွင် ဝင်ရောက်ရင်းနှီးလုပ်ကိုင်လာစေရန် အခြေအနေကို ဖန်တီးပေးရမည်ဖြစ်သည်။ ရင်းနှီးလုပ်ကိုင်မှုအတွက် အဟန့်အတားများကို ဖယ်ရှားပစ်ရမည်ဟု အကြံပြုထားသည်သာမက စွမ်းအင်များ ဖွံ့ဖြိုးရေးနှင့် အကျိုးရှိထိရောက်စွာအသုံးပြုရေးကိုပါ အားပေးရန် တိုက်တွန်းထားသည်။

မျှော်မှန်းထားသည့် အခြေအနေထက် ပိုလွန်၍ ရေရှည်တွင် ဘဏ်အတိုးနှုန်းများ သိသာစွာ တိုးတက်လာနိုင်သော အခြေအနေရှိခြင်းနှင့် ငွေကြေးလဲလှယ်နှုန်းများ မတည်မငြိမ် ဖြစ်နိုင်သော အနေအထားများ ရှိခြင်းကြောင့် သတိပြုစောင့်ကြည့်လေ့လာရန် အိုင်အမ်အက်ဖ်က နှိုးဆော်ထားသည်။

ကမ္ဘာ့နိုင်ငံများအနေဖြင့် ရင်ဆိုင်နေရသော အခက်အခဲများနှင့် မတည်မငြိမ်မှုများကိုဖြေရှင်းကြရာ၌ကျရောက်လာသောတာဝန်များကို မျှတစွာခွဲဝေ၍ တာဝန်ထမ်းဆောင်ကြရန် အိုင်အမ်အက်ဖ်က တိုက်တွန်းခဲ့သည်။ ကမ္ဘာ့နိုင်ငံများသည် အားလုံးက သဘောတူလက်ခံထားသော မူဝါဒများကို အကောင်အထည်ဖော်ရာတွင် သဘောတူညီချက်နှင့်အညီ အချိန်မီ ထိရောက်စွာလုပ်ဆောင်သွားကြရန်ကိုပါဆက်လက်တိုက်တွန်းထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်နိုင်ငံ မာဒါအင်မြို့တွင် လုံခြုံရေး ဆောင်ရွက်နေကြသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဧပြီ ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဂျာမာဒီမြို့အနီး တိုက်ခိုက်ခံရ၍ ကန်တပ်ဖွဲ့ဝင်သုံးဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၁၉

ဘဂ္ဂဒက်မြို့တော် အနောက်ဘက် ရာမာဒီမြို့အနီးရှိ အမေရိကန်မရိန်းတပ်ဖွဲ့စခန်းမှာ စိန်ပြောင်းဖြင့် ပစ်ခတ်ခံရသည့်အတွက် တပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး၊ ခုနစ်ဦး ဒဏ်ရာရရှိသွားသည်ဟု တနင်္လာနေ့တွင် ထွက်ပေါ်လာသော စစ်ဘက်သတင်းများက ဆိုသည်။

အဆိုပါ တိုက်ခိုက်မှုမှာ စနေနေ့ ညပိုင်းက ဖြစ်ပွားခြင်းဖြစ်ကြောင်း စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

သယ်ယူ

ဒဏ်ရာ ရရှိသူသုံးဦးကို ဆေးဝါးကုသမှုပေးရန် သယ်ယူသွားကြသည်။ ကျန်ဒဏ်ရာ ရရှိသူများမှာ မပြောပလောက်သော ထိခိုက်မှုများသာဖြစ်ပြီး၊ နှစ်ဦးမှာ ချက်ချင်းလိုပင် တာဝန်ပြန်လည် ထမ်းဆောင်ခဲ့ကြသည်ဟု ဆိုသည်။

တိုက်ခိုက်သူများနောက်သို့ လုံခြုံရေးတပ်ဖွဲ့များ လိုက်သွားကြသော်လည်း ၎င်းတို့ကို ဖမ်းမိခဲ့ခြင်း မရှိကြောင်း သတင်းများက ဖော်ပြသည်။

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ အီရတ်ကို ၂၀၀၃ ခုနှစ် မတ်လမှစ၍ ကျူးကျော် သိမ်းပိုက်သည့် အချိန်မှ ယနေ့ကာလအထိ အီရတ်စစ်မြေတွင် သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဦးရေမှာ ၁၅၅၀ နီးပါးမျှရှိသွားပြီဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

လက်နက်ကိုင်များက အီရတ်တပ်ဖွဲ့ဝင်များအား သတ်ဖြတ်

ဘဂ္ဂဒက် ဧပြီ ၂၀

လက်နက်ကိုင်များက အီရတ်တပ်ဖွဲ့ဝင် ၁၅ ဦးအား အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်အနောက်တောင်ပိုင်းရှိ လာတီဖီယာမြို့အနီးတွင်ပစ်ခတ်သဖြင့်သေဆုံးသွားခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က စနေနေ့တွင် ပြောကြားသည်။

အီရတ်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် ကုန်တင်မော်တော်ယာဉ်အား လက်နက်ကိုင်များကရပ်ခိုင်းပြီးသောကြာနေ့ည ၇ နာရီခွဲက တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဘဂ္ဂဒက်မြို့တော် အနောက်တောင်ဘက် ကီလိုမီတာ ၅၀အကွာရှိ လာတီဖီယာမြို့သည် မရဏတြိဂံဟုခေါ်သည့် ဒေသတွင်း တည်ရှိပြီး ပြောက်ကျားများက အီရတ်တပ်ဖွဲ့ဝင်များနှင့် အရပ်သားများအား မကြာခဏ သတ်ဖြတ်ပြန်ပေးဆွဲရာဒေသဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားရှိ မီးတောင်ငါးလုံး တစ်ပြိုင်တည်းလှုပ်ရှားမှု သိပ္ပံပညာရှင်များ စောင့်ကြည့်လေ့လာနေကြ

ဂျကာတာ ဧပြီ ၂၀

အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းရှိ မီးတောင်ငါးခုကို သိပ္ပံပညာရှင်များသည် ကြာသပတေးနေ့တွင် စောင့်ကြည့်ခဲ့ကြသည်။ ထိုမီးတောင်များသည်လွန်ခဲ့သောသုံးရက်ကျော်ကတည်းကလှုပ်ရှားနေခဲ့သည်ဟု ဂျကာတာပို့စ်သတင်းစာက သောကြာနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံတွင်လှုပ်ရှားနေသော မီးတောင် ၁၃ခုရှိရာထိုအထဲမှ မီးတောင်ငါးခုသည် ပေါက်ကွဲလုနီးပါး ရှိသည့်အတွက် အခြေအနေကို မီးတောင်ပညာရှင်များစိုးရိမ်စွာစောင့်ကြည့်နေကြရသည်။ အဆိုပါ မီးတောင်ငါးခုမှာ ဂျာဗားပြည်နယ် အနောက်ဘက်ရှိ တန်ကူဘန်ပီရာဟူမီးတောင်၊ လမ်ပန်ပြည်နယ်ရှိ အာနက်စ်ခါ ကာတာအူမီးတောင်၊ ဆူမားတြားပြည်နယ် အနောက်ဘက်ရှိ တာလမ်မီးတောင်၊ ဂျာဗား ပြည်နယ်အရှေ့ဘက်ရှိ ဆီမီရူမီးတောင်နှင့် ယိုရာကာတာပြည်နယ်ရှိ မီရာပီမီးတောင်တို့ဖြစ်ကြသည်။

လေ့လာ

တန်ကူဘန် ပီရာဟူ မီးတောင်နှင့် အာနက်စ်ခါကာတာအူမီးတောင်တို့သည် နှစ်ပေါင်းများစွာ မလှုပ်ရှားဘဲရှိနေကြသည်ဟု မီးတောင်လေ့လာရေးအဖွဲ့၏ အကြီး အကဲဆမ်ဆူရီဇလ်က ပြောကြားသည်။ အဆိုပါ အဖွဲ့သည်ထိုမီးတောင်များကို တာလမ်မီးတောင်နှင့် တန်ကူဘန်ပီရာဟူမီးတောင်အနီးတွင် လေ့လာမှုများ ပြုလုပ်ခဲ့ကြသည်။

တာလမ်မီးတောင်ပေါက်ကွဲမှုနှင့် တန်ကူဘန်ပီရာဟူ မီးတောင်နှင့် အာနက်ခ်ခါကာတာအူ မီးတောင်တို့ လှုပ်ရှားမှု ပိုမိုဖြစ်ပွားလာခြင်းသည် မကြာသေးမီက အာချေးပြည်နယ်နှင့် နီအက်ကျွန်းတို့တွင် ငလျင်လှုပ်ရှားမှုကြီးများကြောင့်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အာနက်စ်ခါကာတာအူမီးတောင်သည် ၁၈၈၃ခုနှစ်တွင် မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။ ထိုပေါက်ကွဲမှုသည် အင်ဒိုနီးရှားနိုင်ငံရှိ သဘာဝဘေးအန္တရာယ်များတွင် အဆိုးရွားဆုံးဖြစ်ခဲ့သည်။ အဆိုပါ မီးတောင်သည် ဗုဒ္ဓဟူးနေ့က အဆိပ်ရှိသော ဓာတ်ငွေ့များ ထွက်ရှိလာမှုကြောင့် သတိပေးမှုများ ပြုလုပ်ခဲ့ရသည်။ ယခုအခါ ထိုမီးတောင်အနီးတွင် နေထိုင်သူများတစ်ဦး တစ်ယောက်မျှမရှိသော်လည်း ကမ္ဘာ့လှည့်ခရီး သွားများအတွက် ယင်းမီးတောင်သည် စိတ်ဝင်တစား လေ့လာစရာနေရာတစ်ခုဖြစ်နေသည်။

ယခင်က အဆိုပါ မီးတောင်အနီးတွင် ထောင်ပေါင်းများစွာသော ပြည်သူများ နေထိုင်ခဲ့ကြသည်။ ၎င်းအပြင် ထိုမီးတောင်ဘေးတွင် စီးပွားရေးလုပ်ငန်းရှင်များလည်း နေထိုင်ခဲ့ကြသည်။

ထိုမီးတောင်သည် ၁၉၈၆ခုနှစ်က တည်းကစလျှင်မီးတောင်ပေါက်ကွဲမှု အသေးစားပေါင်း၂၁ကြိမ်ဖြစ်ပွားခဲ့သည်။

တည်ရှိ

တန်ကူဘမ်ပီရာဟူမီးတောင်သည် ဂျကာတာမြို့အရှေ့ဘက် ကီလိုမီတာ ရာပေါင်းအနည်းငယ်နှင့်ဂျာဗားပြည်နယ် အနောက်ဘက် လူဦးရေထူထပ်သော ဘန်ဒေါင်းမြို့အနီးတွင် တည်ရှိသည်။

အင်အားလျော့နည်း

အဆိုပါ မီးတောင်၏ လှုပ်ရှားမှုသည် ယခင်နေ့များက လှုပ်ရှားမှုနှင့်နှိုင်းယှဉ်လျှင် ကြာသပတေးနေ့က အင်အား လျော့နည်းသွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရန်တွင်တစ်နှစ်တာကာလအတွင်း ဘိန်းဖြူ ၁ဒသမ၉တန်ခန့်သိမ်းဆည်းရမိ

တီဟီရန် ဧပြီ ၁၉

အီရန်နိုင်ငံတွင် ၂၀၀၄ခုနှစ်မတ်၂၀ရက်မှ ၂၀၀၅ခုနှစ် မတ်၂၀ရက်နေ့အထိ ဖြစ်သော တစ်နှစ်တာကာလအတွင်း မူးယစ်ဆေးဝါး တိုက်ဖျက်ရေးရဲတပ်ဖွဲ့က ဘိန်းဖြူ၁ဒသမ၉တန်ခန့်ကို သိမ်းဆည်းရမိကြောင်း နိုင်ငံပိုင် အိုင်အာရ်အင်န်အေသတင်းဌာနက အင်္ဂါနေ့တွင်သတင်း ထုတ်ပြန်သည်။

ဖော်ပြပါကာလအတွင်း ဘိန်းဖြူသိမ်းဆည်းရမိမှုသည် လွန်ခဲ့သည့်နှစ်အလားတူကာလကထက် ၄၁ရာခိုင်နှုန်းမြင့်တက်လာကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူး အလီမိုယေယီဒီက ပြောကြားသည်။

အီရန်မူးယစ်ဆေးဝါး တိုက်ဖျက်ရေးရဲတပ်ဖွဲ့သည် ဒေသဆိုင်ရာနှင့် နိုင်ငံတကာအဆင့် မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းများကိုလည်း ဖြိုခွင်းနိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အီရန်နိုင်ငံတွင် မူးယစ်ဆေးဝါးစွဲနေသူများနှင့် မူးယစ်ဆေးဝါးသယ်ယူခြင်းတို့သည် ဆိုးရွားသော လူမှုရေးပြဿနာများအဖြစ် တည်ရှိနေကြောင်း၊ ဘိန်းထုတ်လုပ်သော အာဖဂန်နစ္စတန်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့မှနေ၍ ပါရှန်ပင်လယ်ကွေ့နိုင်ငံများ၊ အာရှအလယ်ပိုင်းနိုင်ငံများ၊ အနောက်ဥရောပနှင့် ကမ္ဘာ့အခြားသောဒေသများသို့ မူးယစ်ဆေးဝါးမှောင်ခိုသယ်ယူသည့် လမ်းကြောင်းနှင့် အီရန်နိုင်ငံသည် ကြားစခန်းနိုင်ငံအဖြစ် ရပ်တည်နေကြောင်း ၎င်းကပြောကြားသည်။

အစိုးရက တရားဝင်ထုတ်ပြန်သော အစီရင်ခံစာများအရ အီရန်နိုင်ငံတွင် မူးယစ်ဆေးစွဲနေသူ နှစ်သန်းထက်မနည်းရှိကြောင်း သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရုရှားနှင့်ယူကရိန်းဝန်ကြီးချုပ် မော်စကိုတွင် တွေ့ဆုံမည်

မော်စကို ဧပြီ ၁၉

ရုရှားဝန်ကြီးချုပ် မီခေးလ်ဖရက်ဒ်ကော့ဗ်နှင့် ယူကရိန်းဝန်ကြီးချုပ် ယူလီယာတူမောရှင်ကိုတို့သည် ဧပြီ ၁၅ ရက်က တယ်လီဖုန်းဖြင့် ဆက်သွယ်စကား ပြောကြားခဲ့ကြသည်။ ထိုသို့ ပြောကြားရာ၌ ၎င်းတို့ နှစ်ဦးသည် မကြာမီအချိန်အတွင်း မော်စကိုတွင် တွေ့ဆုံကြရန်ရှိကြောင်း ပြောကြားကြသည်ဆိုသောသတင်းကို ရုရှားသတင်းရပ်ကွက်ကို ကိုးကား၍ အင်တာဖက်စ်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

နှစ်နိုင်ငံအတွက် မဟာဗျူဟာအရ အရေးပါသောလုပ်ငန်း ပရောဂျက်များ ဆောင်ရွက်ရေးကိစ္စများ အပါအဝင် အခြားအကျိုးတူကိစ္စအများအပြားကို နှစ်ဦးနှစ်ဖက် တိုးမြှင့်လုပ်ကိုင်သွားရန် လိုလားကြောင်း ဝန်ကြီးချုပ်နှစ်ဦးတို့က ပြောဆိုဆွေးနွေးသွားကြသည်ဟုအမည်မဖော်လိုသူ ရုရှားအရာရှိတစ်ဦးက ပြောကြားသည်။

ယူကရိန်းဝန်ကြီးချုပ်သည် မူလက မော်စကိုသို့ ဧပြီ ၁၅ နှင့် ၁၆ ရက်များတွင် သွားရောက်ရန် အစီအစဉ်ရှိခဲ့သော်လည်း ခရီးစဉ်ကို ရွှေ့ဆိုင်းထားကြောင်း ကြေညာခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်တွင် အမေရိကန်တပ်ဖွဲ့များ ရှိနေမှုကို ကန့်ကွက်ဆန္ဒပြနေသူများအား ဘဂ္ဂဒက်မြို့၌ ဧပြီ ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ စိုက်ပျိုးထုတ်လုပ် အောင်မြင်နေသော ဆင်းရွှေလီ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ
သောင်းဝင်းဗိုလ်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်။ နိုင်ငံတော်က ပြည်နယ်၊ တိုင်း ဒေသအလိုက် ဆန်စပါး ဝမ်းစာဖူလုံ ပိုလျှံရေးအတွက် နှစ်တိုနှစ်ရှည် စီမံကိန်းများ ချမှတ်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။ နှစ်စဉ် ပန်းတိုင်အထွက်နှုန်း တိုးတက်အောင်မြင်ရေး အတွက် လိုအပ်သော ပံ့ပိုးကူညီမှုများပေးကာ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပညာရှင်များ၏ နည်းပညာ အကူအညီများဖြင့် ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့ရာ ယခုအခါ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

ပြည်နယ်နှင့်တိုင်း ဒေသအလိုက် လယ်ယာစီးပွား ဖြစ်ထွန်းအောင်မြင်တိုးတက်မှုများ အသီးသီး ပေါ်ထွန်း လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဆင်းရွှေလီ ဟူသော အမည်သည် ပေါ်လွင်ထင်ရှားလျက်ရှိသည်။ ဆင်းရွှေလီစပါး၊ ဆင်းရွှေလီ အစေ့ထုတ်ပြောင်း၊ ဆင်းရွှေလီ ပျားလိမ္မော်တို့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ ထင်ရှားသော၊ အောင်မြင်နေသော စိုက်ပျိုးရေးသီးနှံများ၏ အမည်များဖြစ်သည်။

ဆင်းရွှေလီပျားလိမ္မော်သည် ပျားရည်ကဲ့သို့ချိုသော လိမ္မော်သီးများဖြစ်၍ လူကြိုက်များလျက် ရှိသည်။ ဆင်းရွှေလီပျားလိမ္မော်စိုက်ပျိုးမှုကို ယခုအခါ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ဧကများစွာ တိုးချဲ့စိုက်ပျိုးလျက် ရှိသည်။ စီးပွားရေးတွက်ခြေကိုက်လုပ်ငန်းတစ်ခုဖြစ်သည်။

ဆင်းရွှေလီ ပျားလိမ္မော်ကို တစ်ဧကလျှင် ၁၈ပေX၁၄ပေ ပတ်လည်ဖြင့် ၁၇၃ ပင် စိုက်ပျိုးနိုင်သည်။

ဈေးကွက်ကောင်းနေသော ဆင်းရွှေလီ ပျားလိမ္မော်သီးများကို အနီးကပ် ဤသို့တွေ့ရသည်။
(ဓာတ်ပုံ-သောင်းဝင်းဗိုလ်)

တစ်ဧက၏ ရင်းနှီးမြှုပ်နှံမှုမှာ ကျပ်ငွေ နှစ်သိန်းငါးသောင်းခန့် ကုန်ကျမည်ဖြစ်ပြီး ၁၂ ရာသီ သီးအောင် စိုက်ပျိုးနိုင်သော သီးနှံဖြစ်သည်။ လိမ္မော်ပင်တစ်ပင်၏ အထွက်နှုန်းမှာ အလုံး ၂၀၀ခန့်ရှိပြီး ပျားလိမ္မော်ပင်၏သက်တမ်းမှာ နှစ်ပေါင်း ၃၀ ခန့်ရှိသည်။ ၁၉၉၉ ခုနှစ်မှစ၍ ဧက ၃၀၀ ကျော် စိုက်ပျိုးထုတ်လုပ်ခဲ့ရာ ယခုအခါ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ပျားလိမ္မော် အများဆုံးထုတ်လုပ်သည့် ခြံအဖြစ် အောင်မြင်လျက်ရှိကြောင်းဖြင့် ဆင်းရွှေလီ ပျားလိမ္မော်ခြံ(နောင်မွန်ကျေးရွာ)မှ ဦးဝင်းဇော်က ရှင်းလင်း ပြောပြခဲ့သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ရေမြေရာသီဥတုနှင့် ကိုက်ညီမှုကြောင့် ပျားလိမ္မော်များကို အလွယ်တကူစိုက်ပျိုး နိုင်ကြောင်းသိရပြီး ဆင်းရွှေလီ ပျားလိမ္မော်ခြံမှ မျိုးပင်များ ဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ပျားလိမ္မော်စိုက်ပျိုး ထုတ်လုပ်မှုများ တိုးချဲ့လုပ်ကိုင်လျက်ရှိကြောင်းကိုလည်း သိရှိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ကုန်းမြင့်လယ်ယာ များ ဖော်ထုတ်၍ စိုက်ပျိုးထုတ်လုပ်မှုများ လုပ်ဆောင် လျက်ရှိသည်။ ကုန်းမြင့်(၁)တွင် ဧက ၁၀၀၀ ဖော်ထုတ်၍ စီမံကိန်းသီးနှံများ၊ နှစ်ရှည်ပင်များ၊ ဆင်းရွှေလီ ပျားလိမ္မော် များ၊ ဟင်းသီးဟင်းရွက် ဟင်းခင်းပဒေသာများကို စိုက်ပျိုး ထုတ်လုပ်လျက်ရှိပြီး ငါးကန်များကိုပါ တူးဖော်၍ ရွှေဝါ ငါးကြင်း၊ မြက်စားငါးကြင်း၊ တီလားပီးယားငါးနှင့် ငါးခုံးမ မြီးနီများကို မွေးမြူလျက်ရှိသည်။

ကုန်းမြင့်(၂)နှင့် (၃)တွင် ဧက ၁၀၀၀ စီ ဖော်ထုတ်၍ ဘိန်းအစားထိုး သီးနှံများ၊ ပဲ၊ ပြောင်း၊ စပါး၊ ပဲပုပ်၊ ပဲစင်းငုံ၊ တညင်းသီး၊ ပန်းနှမ်း၊ မြေပဲ၊ လက်ဖက်၊ သရက်၊ လိုင်ချီးတို့ကို စိုက်ပျိုးထုတ်လုပ်နေသည်။

ကုန်းမြင့်(၄)ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက တာဝန်ယူ၍ ကုန်းမြင့်ယာမြေ ဧက ၅၀၀၀ ဖော်ထုတ်ပြီး ဘိန်းအစားထိုး သီးနှံများနှင့် ဆင်းရွှေလီ ပျားလိမ္မော်၊ ဆင်းရွှေလီစပါး၊ ဆင်းရွှေလီ စပ်မျိုးစပါး မျိုးစေ့ထုတ် စိုက်ပျိုးရေးလုပ်ငန်း၊ ယာစပါး၊ ဆင်းရွှေလီ ပြောင်း (အစေ့ထုတ်ပြောင်း)၊ ပန်းနှမ်း၊ မြေပဲ၊ ပဲပုပ်၊ တညင်း၊ လက်ဖက်၊ သရက်၊ လိုင်ချီး၊ မက္ကာဒေးမီးယား၊ ကော်ဖီ၊ သစ်ဆိမ့်တို့ကို စိုက်ပျိုးထုတ်လုပ်ရန် စတင် ဆောင်ရွက်နေပြီဖြစ်သည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ကုန်းမြင့်မြေယာ ဧက ၅၀၀၀ စီမံကိန်းသည် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းတစ်ခုဖြစ်၍ ဒေသခံပြည်သူ များအတွက်ပါ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင် မည်ဖြစ်ပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အတွက် လက်တွေ့အကျိုးသက်ရောက်စေရန် ရည်ရွယ်ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

ဆင်းရွှေလီ ပျားလိမ္မော် စိုက်ပျိုး ထုတ်လုပ်နေသော လားရှိုးမြို့အနီး နောင်မွန်းကျေးရွာရှိ စိုက်ခင်း၏ မြင်ကွင်းအလှကိုတွေ့ရစဉ်။
(ဓာတ်ပုံ-သောင်းဝင်းဗိုလ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ဆင်းရွှေလီ စိုက်ပျိုး ထုတ်လုပ်မှုလုပ်ငန်းများကို တိုင်းမှူး၏ စီမံကွပ်ကဲမှုဖြင့် ဌာနဆိုင်ရာများ၊ တပ်မတော်သားများနှင့် လူမှုရေးအဖွဲ့ အစည်းများ၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှုကို ရယူ၍ စုပေါင်း ဆောင်ရွက်ကာ အကျိုးအမြတ်များကိုလည်း အချိုးကျ ခွဲဝေပေးသည့် စနစ်ဖြစ်ကြောင်း လေ့လာသိရှိ ရသည်။

ထို့အပြင် ဆင်းရွှေလီဖြင့် ထင်ရှားနေသော ရှမ်းပြည် နယ်(မြောက်ပိုင်း)၏မြို့တော် လားရှိုးမြို့တွင် ဆင်းရွှေလီ ဘိုးဘွားဗိမာန်တစ်ခုကို တိုင်းမှူး၏ ဦးဆောင်မှုဖြင့် ဆောက်လုပ်ပြီးစီးနေပြီဖြစ်ပြီး ယခုအခါ ဘိုးဘွားများကို စိတ်ချမ်းမြေ့စွာ ပြုစုထားရှိ စောင့်ရှောက်လျက်ရှိကြောင်း၊ ဆင်းရွှေလီ ဘိုးဘွားဗိမာန် တည်ဆောက်ရေးအတွက် တန့်ယန်းမှ အလှူရှင် ဦးသန်းဝင်း မိသားစုက မတည်ငွေ ကျပ် သိန်းတစ်ထောင်ဖြင့် ဆောက်လုပ်ခဲ့ကြောင်း ဆရာဝန် ကြီး ဒေါက်တာခင်လှိုင် (စာရေးဆရာ ကမ္ဘောဇခင်လှိုင်)က ဝမ်းပန်းတသာ ရှင်းလင်းပြောပြသည်။

ဆင်းရွှေလီဖြင့် ကျော်ကြားနေသော ရှမ်းပြည်နယ် (မြောက်ပိုင်း)၏ မြို့တော် လားရှိုးတွင်သာမက မူဆယ်၊ နမ့်ခမ်းမြို့များအထိ ဆင်းရွှေလီအမည်ဖြင့် စိုက်ပျိုးထုတ် လုပ်မှုလုပ်ငန်း အများအပြားကို ဆောင်ရွက်လျက်ရှိရာ ဒေသဝမ်းစာ ဖူလုံမှုသာမက အခြားပြည်နယ်၊ တိုင်းများ အတွက်ပါ တာဝန်ယူ ဖြန့်ဖြူးနိုင်သည်အထိ စိုက်ပျိုး ထုတ်လုပ်မှုများ အောင်မြင်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။

ဆင်းရွှေလီ ဟင်းသီးဟင်းရွက် ဟင်းခင်းပဒေသာမှ ထွက်ရှိသော သီးနှံများကလည်း ဒေသခံပြည်သူများ အတွက် လတ်လတ်ဆတ်ဆတ် ပေါပေါများများ စားသုံး နိုင်သည်အထိ အကျိုးပြုလျက်ရှိနေပြီဖြစ်သည်။

အထူးအထွက်တိုးစပါးများ စိုက်ပျိုး၍ ဒေသဝမ်းစာ ဖူလုံရုံမျှမက ပိုလျှံမှုများက စီးပွားရေး တွက်ခြေကိုက်နေ သော ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ တိုင်းရင်းသား တောင်သူ လယ်သမားများ၏ စိုက်ပျိုးစီးပွားဖြစ်ထွန်းမှု၊ လူနေမှုဘဝမြင့်မားလာမှုတို့သည် နိုင်ငံတော်က ဖော်ဆောင် လျက်ရှိသော ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း ဖြစ်ထွန်း အောင်မြင်မှု၏ သာဓကတစ်ခုဖြစ်ရာ ဆင်းရွှေလီကလည်း ပါဝင်အကျိုးပြုလျက်ရှိကြောင်း ဂုဏ်ပြုရေးသားတင်ပြ လိုက်ရပါသည်။ ။

လားရှိုးမြို့ ကုန်းမြင့်(၁)မှ ဟင်းခင်းပဒေသာနှင့် ငါးမွေးမြူရေးကန်မြင်ကွင်း။ (ဓာတ်ပုံ-သောင်းဝင်းဗိုလ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၄-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊အတီးပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၁၅	၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၂၅	၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊အတီးပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅	၈။ မျိုးချစ်တပ်မတော်
၅:၀၀	၉။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် -Input Output Analysis (ဒုတိယနှစ်စီးပွားရေး)
၅:၃၀	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၆။ **ထူးခြားသောကလေးငယ် ကာတွန်းဇာတ်လမ်း (အပိုင်း-၄၂)**
၆:၄၅	၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမြွှာနဲ့ ကြမ္မာ" (အပိုင်း-၁၄)**
၈:၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။ မြဝတီရဲ့ မြဝတီ
	၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်နှာဖုံးလူနဲ့ ရွှေမင်းသမီး" (အပိုင်း-၁၉)**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ။

တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာပေးသင်တန်း အမှတ်စဉ်(၇) ဖွင့်

ရန်ကုန် ဧပြီ ၂၀

သာသနာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာပေးသင်တန်း အမှတ်စဉ် (၇) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာန နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်(ရန်ကုန်) ဘွဲ့နှင်းမဏ္ဍာရုံ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ကြွရောက်တော်မူ

ဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) နာယကချုပ် အမှူးပြုသော ဆရာတော်များ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အကျိုးတော်ဆောင် ဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) မှ စတုတ္ထနှစ် သင်တန်းသား သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ အကြံပေးပုဂ္ဂိုလ် ဦးအံ့မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ သင်တန်းနည်းပြဆရာများ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် သင်တန်းသား လူပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ထားဝယ် ဆရာတော် ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီးဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တပ်ကုန်းဆရာတော် ဘဒ္ဒန္တ စန္ဒသီရိက ရေစက်ချ အနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) မှ စတုတ္ထနှစ်သင်တန်းသား သံဃာတော် ၆၆ ပါးနှင့် လူပုဂ္ဂိုလ် ၁၀ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဧပြီ ၂၀ ရက်မှ မေ ၁၉ ရက်အထိ တစ်လကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပီပြင်စွာ အကောင်အထည်ဖော် အသင်းဝင်အင်အား တိုးတက်လာရန် စည်းရုံးဆောင်ရွက်

ရန်ကုန် ဧပြီ ၂၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးနှင့် အလုပ်အမှုဆောင်များ၊ မြင်းခြံခရိုင်နှင့် ညောင်ဦးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံသည်။

ရှေးဦးစွာ ညောင်ဦးခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဌေးလွင်နှင့် တွဲဖက် အတွင်းရေးမှူး ဦးခင်မောင်မြင့်တို့က မိမိတို့နယ်မြေဒေသအတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို အသီးသီး တင်ပြကြသည်။

ဖြည့်ဆည်း

ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို သက်ဆိုင်ရာ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားရေး၊ အထူးသဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို ပီပြင်စွာ ဆက်လက် အကောင်အထည်ဖော်သွားရေးနှင့် အမျိုးသားရေးကိစ္စများကို ဆောင်ရွက်သွားရေး၊ အသင်းဝင်အင်အား တိုးတက်လာရန် စည်းရုံးရေး ဆောင်ရွက်သွားရေးနှင့် နွေရာသီရက်တို သင်တန်းများ၊ ဆင့်ပွားသင်တန်းများ၊ မွမ်းမံသင်တန်းများ တိုးချဲ့ဖွင့်လှစ်သွားရေး စသည်ဖြင့် အသေးစိတ် ဆွေးနွေးမှာကြားသည်။

ဝင်းသူဇာ

ထိုမှတစ်ဆင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ညောင်ဦးမြို့ ဝင်းသူဇာ အရောင်းဆိုင်သို့ ရောက်ရှိပြီး စက်မှု(၁) ထုတ်ကုန်ပစ္စည်းများဖြစ်သော အဝတ်အထည်များ၊ ကြွေရည်သုတ်ပစ္စည်းများနှင့် ပန်းကန်ခွက်ယောက်များ၊ စက်ဘီးနှင့် အပ်ချုပ်စက်များ၊ ဆေးဝါးပစ္စည်းအမျိုးမျိုးနှင့် စားသောက်ကုန်ပစ္စည်းများ၊ စာရေး၊ စက္ကူအမျိုးမျိုးတို့ကို ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးက ဝန်ကြီးဌာနမှ ချမှတ်ထားသည့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရေး၊ ကုန်ပစ္စည်းများ ပြတ်လပ်ခြင်းမရှိစေရန် စနစ်တကျ မှာယူဖြည့်တင်း သိုလှောင်သွားရေး၊ အထူးသဖြင့် ပြည်သူတို့အား ဆက်ဆံရာတွင် ချိုသာယဉ်ကျေးမှုရှိရေးတို့ကို အသေးစိတ်မှာကြားသည်။ (သတင်းစဉ်)

တွေ့ဆုံ

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအတွင်းရေးမှူး၊ အမှတ် (၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ညောင်ဦးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြင်းခြံခရိုင်နှင့် ညောင်ဦးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံစဉ်။

(စက်မှု-၁)

ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) လုပ်ငန်းအစိတ်အပိုင်းဖြစ်သည့် အထယုချောင်းဖြတ် ရေငုပ်ပြွန်ဆောက်လုပ်ရာတွင် ရေပိုက်ကြီးများ ချထားမှုကို ကြည့်ရှုစစ်ဆေးရာ တွဲဖက် အတွင်းရေးမှူး ဗိုလ်မှူးကြီး တင်စိုးနှင့် ဌာနမှူးဦးသောင်းရင်တို့က လုပ်ငန်းဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြစဉ်။ (၁၉)

နေရာကွက်ကျား မိုးထစ်ချုန်းရွာ

ရန်ကုန် ဧပြီ ၂၀

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ရခိုင်ပြည်နယ်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ အမ်းမြို့တွင် သုညဒသမ၃၅ လက်မ၊ တောင်ကြီးမြို့နှင့် ပျဉ်းမနားမြို့တို့ တွင် သုညဒသမ၁၂ လက်မစီတို့ ဖြစ်ကြသည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေ့အပူချိန်များ အနည်းငယ် လျော့နည်းနိုင်မည်။

ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) လုပ်ငန်းများ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဧပြီ ၂၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက အကောင်အထည်ဖော်လုပ်ဆောင်လျက်ရှိသော ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်)လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အထယုကျေးရွာအနီးရှိ ရန်ကုန်မြို့တော် ရေပေးဝေရေး စီမံကိန်း (ငမိုးရိပ်)လုပ်ငန်းခွင်သို့ နံနက် ၉ နာရီတွင် ရောက်ရှိရာ ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) လုပ်ငန်းအစိတ်အပိုင်းဖြစ်သည့် အထယုချောင်းဖြတ် ရေငုပ်ပြွန် ဆောက်လုပ်ရာတွင် ရေပိုက်ကြီးများ ချထားပြီးစီးမှု၊ ရေခေါ်တူးမြောင်းများ ဖောက်လုပ်ပြီးစီးမှု၊ ဓာတ်အားခွဲရုံ တည်ဆောက်နေမှု၊ အကြိုအနည်ထိုင်ကန် တူးဖော်ပြီးစီးမှု၊ ရေစစ်ကန်ဆောက်လုပ်ပြီးစီးမှု၊ ရေစုကန်တူးဖော်နေမှု၊ ရေတွန်းစက်ရုံ ဆောက်လုပ်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ထို့နောက် မြို့တော်ဝန်က ပွင့်လင်းရာသီအတွင်း ပြီးစီးရန်သတ်မှတ်ထားသည့်လုပ်ငန်းများ အောင်မြင်စွာ ပြီးစီးနိုင်ရန် တာဝန်ရှိသူ အဆင့်ဆင့်က ကြပ်မတ်တွန်းအားပေး လုပ်ဆောင်ရေး၊ စက်ယန္တရားများ ကြံ့ခိုင်မှုရှိစေရေးနှင့် စက်စွမ်းအားပြည့် အသုံးချရေး၊ စက်သုံးဆီလေလွင့်မှု မရှိစေရေး၊ စီမံကိန်းနှင့် ဆက်နွယ်သည့် လုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ပြီးစီးစေရန် တွက်ချက် ဆောင်ရွက်ထားရှိရေး၊ မြို့တော်နေပြည်သူများ သန့်ရှင်းကြည်လင်သည့် သောက်သုံးရေ ယခုထက်ပိုမိုရရှိစေရန် ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်၍ စေတနာထားကာ စနစ်တကျဖြင့် အထူးကြိုးပမ်းလုပ်ဆောင်ရေး မှာကြားပြီး လုပ်ငန်းတာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ (၁၉)

ဧပြီ ၆ ရက်က အမက (၈) သဃ်န်းကျွန်း၏ ၂၀၀၄ - ၂၀၀၅ ပညာသင်နှစ် အခြေခံပညာမူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲတွင်ကျောင်းအုပ် ဆရာမကြီး ဒေါ် ဖြူ ဖြူ ဝင်း ကျောင်းသူ တစ်ဦးအား ပညာသင်ယူပြီး မြောက် ခြင်း လက်မှတ် ပေးအပ်စဉ်။ (က-ပ)

လွတ်လပ်သောရှမ်းပြည်အစိုးရဖွဲ့စည်းသည်ကို ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က လုံးဝသဘောမတူ ကန့်ကွက် ပလောင်တိုင်းရင်းသားပြည်သူတစ်ရပ်လုံး နိုင်ငံတော်ရှေ့ဆက်သွားမည့်လုပ်ငန်းစဉ်(၇)ရပ်ကိုသာ အလေးအနက်ထောက်ခံ ပြည်ပရောက်လူတစ်စုကကြေညာခဲ့သော သတင်းနှင့်ပတ်သက်ပြီး ကိုးကန့်တိုင်းရင်းသားများ လုံးဝလက်မခံ တိုင်းရင်းသားပေါင်းစုံ တန်းတူရည်တူရှိသည့် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးကိုသာလိုလား

ကျောဖုံးမှ

ပအိုင်းအမျိုးသားအဖွဲ့ချုပ် (P.N.O)
သဘောထား ထုတ်ပြန်ကြေညာချက်

ရက်စွဲ၊ ၂၀၀၅ ခုနှစ် ဧပြီလ (၂၀)ရက်

၁။ ၂၀၀၅ ခုနှစ်၊ ဧပြီလ(၁၇)ရက်၊ တနင်္ဂနွေနေ့ အမေရိကန်အသံ (VOA) မှ ပုဂ္ဂိုလ်(၅)ဦး အမည်ပါဝင်သော လွတ်လပ်သော ရှမ်းပြည်အစိုးရအဖွဲ့ကို သမ္မတ၊ ဝန်ကြီးချုပ်၊ နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ ပြည်ထဲရေးဝန်ကြီးများပါဝင်သော အစိုးရအဖွဲ့ ဖွဲ့စည်းကြောင်း၊ ဗန်ကောက်အခြေစိုက် အဆိုပါ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကြေညာခဲ့ကြောင်း သိရှိရပါသည်။

၂။ ယခုလက်ရှိ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် ဒို့တာဝန်အရေး(၃)ပါး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်(၁၂)ရပ်ဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို တည်ဆောက်နိုင်ခဲ့ပြီး အနာဂတ်ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နိုင်ရေးအတွက် လမ်းစဉ်(၇)ရပ်ဖြင့် စတင်အကောင်အထည်ဖော်လျက် ရှိနေပါသည်။

၃။ လမ်းစဉ်(၇)ရပ်အရ စတင်အကောင်အထည်ဖော်လျက်ရှိနေသော အမျိုးသားညီလာခံမှ အခြေခံမူ(၁၀၄)ချက်ကို ချမှတ်အတည်ပြုခဲ့ပြီးသည့်အပြင် ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအခန်း၏ ဖွဲ့စည်းမှု၊ အာဏာခွဲဝေမှု အခန်းများပါ ပြီးစီးတော့မည်ဖြစ်ပါသည်။

၄။ ပြည်ထောင်စု မြန်မာနိုင်ငံ၏ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ အောင်မြင်မှုများကို မနာလို မရှုဆိတ်နိုင်သော ပြည်တွင်းပြည်ပ အဖျက်လုပ်ငန်းဦးဆောင်မှုများ ပါဝင်သည့် လွတ်လပ်သော ရှမ်းပြည်အစိုးရ ဖွဲ့စည်းသည်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးအတွက် ပအိုင်းအမျိုးသားအဖွဲ့ချုပ် (P.N.O)မှ လုံးဝသဘောမတူ ကန့်ကွက်ကြောင်း ကြေညာလိုက်ပါသည်။

ဦးအောင်ခမ်းထီ
ဥက္ကဋ္ဌ
ပအိုင်းအမျိုးသားအဖွဲ့ချုပ် (P.N.O)

ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၁) ကိုးကန့်တိုင်းရင်းသား ငြိမ်းချမ်းရေးအဖွဲ့၏ သဘောထားထုတ်ပြန်ချက်

ရက်စွဲ၊ ၂၀၀၅ ခုနှစ် ဧပြီလ ၂၀ ရက်

၁။ ၂၀၀၅ ခုနှစ် ဧပြီလ (၁၇) ရက်နေ့တွင် RFA အသံလွှင့်ဌာနမှ "ရှမ်းပြည်နယ်အား သီးခြားလွတ်လပ်သော နိုင်ငံ" ဟု ပြည်ပတွင် ရောက်ရှိနေသော လူတစ်စုက ကြေညာခဲ့သော သတင်းနှင့် ပတ်သက်ပြီး မိမိတို့ ကိုးကန့်တိုင်းရင်းသားအနေဖြင့် လုံးဝလက်မခံကြောင်း အတိအလင်း ကြေညာပါသည်။

၂။ ယင်းသို့ပြုလုပ်ခြင်းသည် ရှမ်းပြည်နယ်တွင် နေထိုင်ကြသော ရှမ်းတိုင်းရင်းသားများသာမက ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေနိုင်သဖြင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်မှုကို ပြိုကွဲစေနိုင်မည့်ဆိုးကျိုးများသာ ဖြစ်ပေါ်စေနိုင်သည့်အတွက် မိမိတို့ ကိုးကန့်တိုင်းရင်းသားများအနေဖြင့် လုံးဝမထောက်ခံကြောင်း အတိအလင်းကြေညာပါသည်။

၃။ မိမိတို့ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကိုးကန့်ငြိမ်းချမ်းရေးအဖွဲ့နှင့် ကိုးကန့်တိုင်းရင်းသားလူမျိုးများသည် ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အေးချမ်းတည်ငြိမ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသား လူမျိုးအချင်းချင်း ချစ်ခင်ရင်းနှီးရေးနှင့် စည်းလုံးညီညွတ်ရေးတို့ကိုထောက်ခံပြီး ရာသက်ပန်ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း အတိအလင်းကြေညာအပ်ပါသည်။

* စည်းလုံးညီညွတ်မှုကိုသာ လိုလားသည်။
* စည်းလုံးမှု ပျက်ပြားအောင် ပြုလုပ်မှုမှန်သမျှကို ဆန့်ကျင်သည်။
* ငြိမ်းချမ်းရေးကိုသာ လိုလားသည်။
* ငြိမ်းချမ်းရေးပျက်ပြားအောင် ပြုလုပ်မှုမှန်သမျှကို ဆန့်ကျင်သည်။

ဦးလျိုကွယ်ရှီ	**ဦးကျန်တက်ဝင်**
အထွေထွေအတွင်းရေးမှူး	**ဒု-ဥက္ကဋ္ဌ**
အထူးဒေသ(၁) အုပ်ချုပ်ရေးကော်မတီ	**အထူးဒေသ(၁) အုပ်ချုပ်ရေးကော်မတီ**

အထူးဒေသ(၇) ပလောင်တိုင်းရင်းသားအဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ၊ ၂၀၀၅ခုနှစ် ဧပြီလ (၂၀)ရက်

၁။ "၂၀၀၅ခုနှစ် ဧပြီလ(၁၈)ရက်နေ့တွင် Radio Free Asia အသံလွှင့်ဌာနမှ ရှမ်းပြည်ထောင်စုယာယီအစိုးရဖွဲ့စည်းကြောင်း၊ ရှမ်းပြည်သည်လွတ်လပ်သည့်နိုင်ငံဖြစ်ကြောင်း သတင်းထုတ်လွှင့်ချက်"နှင့်ပတ်သက်၍ မိမိတို့ ပလောင်တိုင်းရင်းသားလူမျိုးစုအနေဖြင့် လုံးဝလက်ခံနိုင်မှုမရှိကြောင်း အတိအလင်းကြေညာပါသည်။

၂။ ရှမ်းပြည်နယ်သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးစုများအားလုံး စုစည်းနေထိုင်လျက်ရှိသော ပြည်နယ်တစ်ခုဖြစ်ပြီး ရှမ်းတိုင်းရင်းသားလူမျိုးစုတစ်စုတည်းသာ နေထိုင်ခြင်းမဟုတ်သည့်အတွက် အဆိုပါသတင်းထုတ်လွှင့်ချက်သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုကြီးကိုပြိုကွဲသွားစေနိုင်သည်အထိ အန္တရာယ်ကို ရှေးရှုနေသော ဆိုးကျိုးများကိုသာ ဖြစ်ပေါ်လာစေမည်ဖြစ်သည့်အတွက် မိမိတို့ပလောင်တိုင်းရင်းသားများအနေဖြင့် လုံးဝသဘောတူခြင်းမရှိကြောင်း၊ မထောက်ခံကြောင်း အတိအလင်းကြေညာအပ်ပါသည်။

၃။ မိမိတို့ပလောင်တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် နိုင်ငံတော်အစိုးရမှ ပြည်ထောင်စုတိုင်းရင်းသားအားလုံးရှေ့ရေးအတွက် ရည်မှန်းလုပ်ဆောင်နေသော နိုင်ငံတော်ရှေ့ဆက်သွားမည့် နိုင်ငံရေးရှေ့လုပ်ငန်းစဉ်(၇)ရပ်ကိုသာလျှင် အလေးအနက်ထောက်ခံပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုကို အပြည့်အဝခံယူသွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ အထူးဒေသ(၇) ပလောင်တိုင်းရင်းသား အဖွဲ့အပါအဝင် ပလောင်တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် "ရှမ်းပြည်သည် လွတ်လပ်သည့် နိုင်ငံဖြစ်သည်" ဆိုသည့် ကြေညာချက်အား အသိအမှတ်မပြုကြောင်းနှင့် လုံးဝကန့်ကွက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဦးအိုက်မုန်း
ဥက္ကဋ္ဌ
အထူးဒေသ(၇) ပလောင်တိုင်းရင်းသားအဖွဲ့

ဦးညီလုံး	**ဦးမိုင်းအုဏ်းခိုင်**
ဒုတိယဥက္ကဋ္ဌ	**တွဲဖက်အတွင်းရေးမှူး**
အထူးဒေသ(၇)ပလောင်တိုင်းရင်းသားအဖွဲ့	**အထူးဒေသ(၇) ပလောင်တိုင်းရင်းသားအဖွဲ့။**

ရှမ်းပြည်နယ်အရှေ့ပိုင်းအထူးဒေသ(၄) ကြေညာချက်

ရက်စွဲ၊ ၂၀၀၅ခုနှစ် ဧပြီလ(၂၀)ရက်

၁၈-၄-၂၀၀၅ရက်နေ့တွင် အင်တာနက်ဝက်ဘ်ဆိုဒ်တစ်ခုဖြစ်သော BBC Burmese Com တွင် စော(ဝ်)ခန်ဖမှ ဖက်ဒရယ်မူအရလုပ်ထားသော ရှမ်းပြည်နယ်လွတ်လပ်ရေး ကြေညာကြောင်း တွေ့ရှိရပါသည်။ ၎င်းကြေညာချက်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်စေနိုင်ပြီး ပြည်ထောင်စုကြီးပြိုကွဲသွားနိုင်သော ကြေညာချက်မျိုးဖြစ်သည်။ ကျွန်တော်တို့ဟာ ပြည်ထောင်စုဖွား တိုင်းရင်းသားပေါင်းစုံ တန်းတူရည်တူရှိသည့် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုကြီးငြိမ်းချမ်းသာယာရေးကို လိုလားပါသည်။ ထို့ကြောင့် ၎င်းကြေညာချက်ကို အထူးဒေသ (၄)အနေဖြင့် လုံးဝသဘောမတူပါကြောင်းနှင့် အသိအမှတ်မပြုပါကြောင်း ကြေညာပါသည်။

ဦးစိုင်းလင်း
ဥက္ကဋ္ဌ
ရှမ်းပြည်နယ်အရှေ့ပိုင်းအထူးဒေသ(၄)
စစ်ရေးနှင့်ဒေသန္တရအုပ်ချုပ်ရေးကော်မတီ။

ဒို့တာဝန် အရေးသုံးပါးကို ထိခိုက်စေမည့် မည်သည့်ကိစ္စရပ်ကိုမျှ လက်ခံသွားမည်မဟုတ်။

ကရင်နီ အမျိုးသားငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီ (KNPDP) ၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ၊ ၂၀၀၅ ခုနှစ်၊ ဧပြီလ ၂၀ ရက်

၁။ ကယားပြည်နယ်၊ ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ၂၃-၇-၉၉ ရက်နေ့တွင် နိုင်ငံတော်အစိုးရထံ၌ တရားဝင် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်သည့် အဖွဲ့ဖြစ်ပါသည်။

၂။ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံနှင့် ခွဲထွက်ခြင်းမပြုနိုင်သည့် ပြည်ထောင်စု စနစ်ကို အစဉ်လက်ခံကြိုဆိုသည့်အဖွဲ့ ဖြစ်ပါသည်။

၃။ ကရင်နီ အမျိုးသားငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်၏သား ပြည်ပြေးစဝ်ခမ်ဖ ဦးစီးသောအဖွဲ့ဝင်များ၊ ယင်းအဖွဲ့နှင့် ဆက်နွယ်သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏လုပ်ရပ်ဖြစ်သည့် ရှမ်းပြည်နယ်ကို လွတ်လပ်သောတိုင်းပြည် ဖြစ်သည်ဟု တစ်ဖက်သတ်ကြေညာခြင်းကို (KNPDP) ကရင်နီ အမျိုးသားငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြင်းထန်စွာကန့်ကွက်ကြောင်း ကြေညာအပ်ပါသည်။

ဦးဂိုရီ

ဥက္ကဋ္ဌ

(KNPDP) ကရင်နီအမျိုးသားငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ

ပြည်ထောင်စုပြိုကွဲရန်နှင့် နိုင်ငံတော်လုံခြုံရေးကို ထိပါးလာပါက နိုင်ငံတော်အစိုးရ တပ်မတော်နှင့် ပူးပေါင်းလက်တွဲကာ ကာကွယ်ဆောင်ရွက်သွားမည်။

ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၅)အဖွဲ့၏ သဘောထားထုတ်ပြန်ကြေညာချက်

ရက်စွဲ၊ ၂၀-၄-၂၀၀၅

၁။ ၁၈-၄-၂၀၀၅ရက်နေ့တွင် Internet Website တစ်ခုဖြစ်သော BBC Burmese-Com; မှ Shan olders declare Independence ခေါင်းစဉ်ဖြင့် သတင်းတစ်ပုဒ်ဖော်ပြရာတွင် စဝ်ရွှေသိုက်၏သား စဝ်ခမ်ဖဦးစီးသော အဖွဲ့အနေဖြင့် ဖက်ဒရယ်မူအရ ပြုလုပ်ထားသည့် ရှမ်းပြည်နယ် လွတ်လပ်ရေးအား ကြေညာကြောင်းဖော်ပြပါရှိပါသည်။

၂။ ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၅)အနေဖြင့် ၁၁-၁-၉၁ရက်နေ့မှစ၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ကာ တပ်မတော်အစိုးရနှင့် လက်တွဲ၍ ဒို့တာဝန်အရေးသုံးပါး၊ ဦးတည်ချက် (၁၂)ရပ်တို့နှင့်အညီ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းဖြစ်ပြီး ဒို့တာဝန် အရေးသုံးပါးကို ထိခိုက်စေမည့် မည်သည့်ကိစ္စရပ်ကိုမျှ လက်ခံသွားမည်မဟုတ်ပါ။

၃။ စဝ်ခမ်ဖ ဦးစီးသောအဖွဲ့အစည်းအနေဖြင့် ယခုကဲ့သို့ ရှမ်းပြည်နယ် လွတ်လပ်ရေး ကြေညာခြင်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲရေးနှင့် ပြည်ထောင်စုပြိုကွဲရေးကို ဦးတည်ဆောင်ရွက်နေသော လုပ်ရပ်များဖြစ်ပြီး တိုင်းပြည်၏ အချုပ်အခြာအာဏာကို ထိပါးမည့် အရေးဖြစ်ပါသဖြင့် ထိုကြေညာချက်အပေါ် ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၅)အနေဖြင့် အသိအမှတ်မပြုကြောင်းနှင့် လုံးဝသဘောမတူ ကန့်ကွက်ကြောင်း ကြေညာလိုက်ပါသည်။

ဦးမထုနော်

ဥက္ကဋ္ဌ

ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ(၅)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ထုတ်ပြန်ကြေညာချက်

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် အမျိုးသမီးအဖွဲ့ဝင်အင်အား တစ်သန်းလေးသိန်းခန့်ဖြင့် အမျိုးသမီးထု ၂၇သန်း၏ အခန်းကဏ္ဍမြှင့်တင်ရေးကို ဦးဆောင်လျက်ရှိသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ပြည်ပြေးစဝ်ခမ်ဖနှင့်အဖွဲ့၏ ရည်ရွယ်ချက်နှင့်လုပ်ရပ်များကို လုံးဝလက်မခံကြောင်း ကြေညာလိုက်သည်။

၂။ ပြည်ပြေးစဝ်ခမ်ဖနှင့်အဖွဲ့၏ ရည်ရွယ်ချက်နှင့်လုပ်ရပ်များသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားလူမျိုးများ၏ အကျိုးစီးပွားကို ခြိမ်းခြောက်လျက် အနှောင့်အယှက်ပြုခြင်းဖြစ်သည်။

၃။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရသည် အမျိုးသားရေး မူဝါဒဖြစ်သော ဒို့တာဝန် အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို စိုက်စိုက်မတ်မတ် ဦးတည်ဆောင်ရွက်လျက်ရှိသဖြင့် နိုင်ငံတော်တစ်ဝန်းလုံး အေးချမ်းသာယာပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

၄။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် ကြီးစွာအဟန့်အတားဖြစ်စေသော လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် စိတ်ကောင်းစေတနာမှန်ဖြင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး ဆောင်ရွက်ခဲ့သော နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်မှုကို ဂုဏ်ယူထောက်ခံသည်။

၅။ ယခုအခါ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရေးအတွက် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

၆။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ပြည်ပြေးစဝ်ခမ်ဖနှင့် အဖွဲ့၏လုပ်ရပ်များကို အပြင်းအထန်ရှုတ်ချကြောင်းနှင့် နိုင်ငံတော်အစိုးရ၏ ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်မှုကို အလေးအနက် ထောက်ခံကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်

၂၀၀၅ ခုနှစ်၊ ဧပြီလ ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့

ကရင်နီပြည်လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ငြိမ်းချမ်းရေး)အဖွဲ့အစည်း၏ သဘောထား

ရက်စွဲ၊ ၂၀၀၅ ခုနှစ်၊ ဧပြီလ (၂၀) ရက်

၁။ မိမိတို့ ကယားအထူးဒေသ(၂) ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေး တပ်ဦးသည် (၉/၅/၉၄) ရက်တွင် ငြိမ်းချမ်းရေးရယူခဲ့ပြီး နိုင်ငံတော်အစိုးရနှင့် လက်တွဲကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

၂။ ယခုအခါ နိုင်ငံတော်မှ ချမှတ်ထားရှိသည့် ဒို့တာဝန်အရေး(၃)ပါးနှင့် နိုင်ငံရေးဦးတည်ချက် (၁၂)ရပ်နှင့်အညီ နိုင်ငံတော်အစိုးရမှ ကြီးမှူးကျင်းပသည့် အမျိုးသားညီလာခံကိုလည်း ပါဝင်တက်ရောက်ကာ ပြည်နယ်အရေး၊ လူမျိုးစုအရေးကို အလေးထား ဦးထိပ်ပန်ဆင် ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၃။ နိုင်ငံတော်အစိုးရမှလည်း တိုင်းရင်းသားလူမျိုးစုအရေးကို အလေးထားပြီး ပူးပေါင်းလက်တွဲ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မိမိတို့ ပြည်နယ် ဒေသ ကျေးရွာများတွင် အဘက်ဘက်မှ များစွာဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့မြင်နေရပါသည်။

၄။ ထို့ကြောင့် ပြည်ပရောက်ရှမ်းအဖွဲ့ (စဝ်ခမ်ဖ)၏ ကြေညာချက်ဖြစ်သည့် လွတ်လပ်သည့် ရှမ်းနိုင်ငံနှင့် ရှမ်းပြည်ကြားဖြတ်အစိုးရနှင့် ရှမ်းပြည်နယ်အား စစ်မက်ဇုန်အဖြစ် ကြေညာခြင်းသည် ရှမ်းပြည်နယ်အတွက်သော်လည်းကောင်း၊ ရှမ်းလူမျိုးစု အတွက်သော်လည်းကောင်း၊ နိုင်ငံတော်အတွက်သော်လည်းကောင်း မည်သို့မျှ အကျိုးမပြုသည့်အပြင် ဆိုးကျိုးများကိုသာ ဖြစ်ထွန်းစေမည်ဖြစ်ပါ၍ ၎င်းကြေညာချက်နှင့်ပတ်သက်၍ မိမိတို့ ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦးအနေဖြင့် ထောက်ခံခြင်းမရှိသည့်အပြင် လုံးဝကန့်ကွက်ပါသည်။

၅။ ပြည်ပရောက်ရှမ်းအဖွဲ့ (စဝ်ခမ်ဖ)အနေဖြင့် ပြည်ထောင်စုပြိုကွဲရန်နှင့် နိုင်ငံတော်လုံခြုံရေးကို ထိပါးလာပါက မိမိတို့ ကရင်နီပြည် လူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦးအနေဖြင့် နိုင်ငံတော်အစိုးရ တပ်မတော်နှင့် ပူးပေါင်းလက်တွဲကာ ကာကွယ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဦးထွန်းကျော်

ဒုတိယ-ဥက္ကဋ္ဌ

ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး

(ငြိမ်းချမ်းရေးအဖွဲ့)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၁-၄-၂၀၀၅
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၁၀	၆။	အတီးပြိုင်ပွဲ
၈:၂၀	၇။	အကပဒေသာ
၈:၃၀	၈။	International News.
၈:၄၅	၉။	Happy and Educational English Summer Course MRTV (Senior Class)
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	English For Everyday Use
၄:၄၅	၄။	တေးဂီတအစီအစဉ်
၅:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
၅:၁၅	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၃၀	၇။	လက်ဆင့်ကမ်းပေးဂီတတေး
၅:၄၀	၈။	တေးဂီတအစီအစဉ်
၅:၅၀	၉။	**ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ (လွင်မိုး၊ မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ လှအဥ္ဇလီတင့်၊ ကြည်လဲ့လဲ့ဦး၊ ဥမ်းပုံ)**
၆:၀၀	၁၀။	နိုင်ငံအဝန်းသစ်တောစွမ်းဖြင့်စိမ်းလန်းစေရမည်
၆:၁၅	၁၁။	မူဟန်သွယ်သွယ် ဆိုကြမယ်
၆:၃၀	၁၂။	ညနေခင်းသတင်း
၇:၀၀	၁၃။	မိုးလေဝသအခြေအနေ
၇:၀၅	၁၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်သောညီမ(အပိုင်း-၂၃)**
၇:၃၅	၁၅။	တေးဂီတအစီအစဉ်
၈:၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	**မြန်မာဗီဒီယိုဇာတ်လမ်း "အချစ်ရေ ကျေးဇူးပဲ" (အပိုင်း-၁) (ရန်အောင်-မျိုးသန္တာထွန်း၊ မေသကြိန်) [ဒါရိုက်တာ-မောင်နီလွင်-သပြု]**
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

လက်မှတ်ပေးအပ်

အလက(၁) ကျောက်တံတား၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် မူလတန်း၊ အလယ်တန်းအဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မေ ၇ရက်က ကျင်းပရာ စတုတ္ထတန်းမှ မောင်ရှိုင်းရာဇာထက်မောင်အား ကျောင်းအုပ်ဆရာကြီး ဦးအုန်းသွင် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။

(က-ပ)

ပြင်ဦးလွင် သကြံ္ကန်ရွှေဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၀

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် Myanmar PGA နှင့် ပြင်ဦးလွင် ဂေါက်သီးရိုက်အသင်းတို့က ကြီးမှူး၍ ၂၀၀၅ခုနှစ်(၄၇)ကြိမ်မြောက် ပြင်ဦးလွင် ရွှေဖလားဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၁၂ ရက်မှ ၁၅ ရက်အထိ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင်ဂေါက်ကွင်း၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲ၏ Professional Golfers ပြိုင်ပွဲတွင် စုစုပေါင်း (၂၈၂)ချက်ဖြင့် မင်းနိုင်(Srixon)က ပထမ၊ စုစုပေါင်း (၂၈၄)ချက်ဖြင့် စိုးကျော်နိုင်(Srixon) က ဒုတိယရရှိပြီး စုစုပေါင်း (၂၈၆)ချက်ဖြင့် အောင်ဝင်း (YCDC)က တတိယရရှိသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် စုစုပေါင်း(၂၉၂)ချက်ဖြင့် ဘိုဘို(YCDC) က ပထမ၊ စုစုပေါင်း(၃၀၄)ချက်ဖြင့် ခင်မောင်တိုး (သစ်တောရေးရာ) က ဒုတိယရရှိပြီး စုစုပေါင်း(၃၀၅)ချက်စီဖြင့် သက်လွင်(မိုးကုတ်)နှင့် အောင်ဝင်း(မုံရွာ)တို့က တတိယရရှိသွားကြသည်။

ရွှေအဆင့်ပြိုင်ပွဲတွင် ခင်မောင်မြင့်(သစ်တောရေးရာ)က ပထမ၊ အောင်ဝင်း(သစ်တောရေးရာ)က ဒုတိယ၊ ငွေဝင်း(အကောက်ခွန်)က တတိယရရှိသွားသည်။

ရွှေအဆင့် အသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်း(၄၅၆)ချက်ဖြင့် Captain အောင်ဝင်းခေါင်းဆောင်သော (YCDC) အသင်းက ပထမရပြီး စုစုပေါင်း (၄၅၆)ချက်ဖြင့် Captain သိန်းမြင့် ခေါင်းဆောင်သော သစ်တောရေးရာ အသင်းက ဒုတိယရရှိသွားသည်။

ငွေအဆင့် အသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်း(၄၈၆)ချက်ဖြင့် Captain ဗိုလ်မှူးကြီးစိုးဝင်း ခေါင်းဆောင်သော ပြင်ဦးလွင်(ဆ)အသင်းက ပထမရပြီး စုစုပေါင်း(၄၉၈)ချက်ဖြင့် Captain ကျော်ငွေးကို ခေါင်းဆောင်သော ပြင်ဦးလွင်(က)အသင်းက ဒုတိယရရှိသွားသည်။

ကြေးအဆင့် အသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်း(၅၁၃)ချက်ဖြင့် Captain စိုးနိုင်ခေါင်းဆောင်သော ပြင်ဦးလွင်(ဓ) အသင်းက ပထမရပြီး စုစုပေါင်း(၅၂၉) ချက်ဖြင့် Captain ဗိုလ်မှူးခမ်းမော် ခေါင်းဆောင်သော ပြင်ဦးလွင်(စ) အသင်းက ဒုတိယရရှိသွားသည်။

တပ်မတော် နည်းပညာ တက္ကသိုလ် ကျောင်းအုပ်ကြီး ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ Han Golf Masters Pte., Ltd. မန်နေဂျင်းဒါရိုက်တာ Professional Golfer ဦးချမ်းဟန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဆုရရှိကြသော ဂေါက်သီးရိုက် အားကစားသမားများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းပြိုင်ပွဲတွင် Co-Sponsors များအဖြစ် Kaung Myat Co., Ltd.၊ Rothmans of Pall Mall Myanmar Pte., Ltd.၊ Myanmar Brewery Co., Ltd.၊ Srixon၊ AK Group၊ Mandalay Golf Association၊ Eden Group Co., Ltd.၊ Han Golf Masters Pte., Ltd.တို့က ကူညီပံ့ပိုးပေးကြပြီး ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management နှင့် ပြင်ဦးလွင်ဂေါက်သီးရိုက်အသင်းတို့က တာဝန်ယူဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

၂၀၀၅ခုနှစ် (၄၇)ကြိမ်မြောက် ပြင်ဦးလွင် ရွှေဖလားဂေါက်သီးရိုက်ပြိုင်ပွဲတွင် ရွှေအဆင့်ပြိုင်ပွဲ၌ ပထမရရှိသော YCDC အသင်းအား တပ်မတော်နည်းပညာတက္ကသိုလ်ကျောင်းအုပ်ကြီး ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ရွှေဖလားဆုကို ချီးမြှင့်စဉ်။

(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာပန်းချီ၊ ပိုစတာပြိုင်ပွဲများ ဖိတ်ခေါ်

ရန်ကုန် မေ ၂၀

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က ကြီးမှူးကျင်းပပြုလုပ်မည့် ၂၀၀၅ခုနှစ် ဇွန် ၂၆ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံနှင့် ကွန်ပျူတာပန်းချီ/ပိုစတာပြိုင်ပွဲအတွက် စာမူနှင့်လက်ရာများအား ဖိတ်ခေါ်ထားသည်။

ပြိုင်ပွဲအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များမှာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့က ကြီးမှူးကျင်းပမည့် ၂၀၀၅ခုနှစ် ဇွန် ၂၆ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အတွက် မူးယစ်ဆေးဝါးထုတ်လုပ်သုံးစွဲမှုပပျောက်ရေး ဦးတည်ရည်ရွယ်လျက် အနုပညာရသမြောက်စွာ ဖွဲ့ဆိုသီကုံး၊ ရေးဆွဲ၊ ရိုက်ကူးရမည့် ဦးတည်ချက်ဆောင်ပုဒ်များမှာ မူးယစ်ဆန့်ကျင်အောင်ပွဲဆင်၊ စိတ်ထားကြံ့ခိုင် ပန်းတိုင်ချိတက် အောင်ပွဲဆက်၊ မူးယစ်ကင်းစင်အလှဆင်တို့ဖြစ်သည်။

ဝတ္ထုတိုပြိုင်ပွဲကို အလွတ်တန်း တစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့် မိတ္တူပေါင်းနှစ်စောင် တင်သွင်းရမည်။ စာလုံးရေကန့်သတ်ချက်မှာ ၃၀၀၀ မှ ၅၀၀၀ အတွင်း ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူ ပေါင်းနှစ်စောင်တင်သွင်းရမည်။ စာလုံးရေကန့်သတ်ချက်မှာ ၃၀၀၀ မှ ၅၀၀၀ အတွင်းဖြစ်သည်။

တေးသီချင်းပြိုင်ပွဲကို အလွတ်တန်း တစ်မျိုးတည်းသာထားရှိ၍ တစ်ဦးချင်း(သို့မဟုတ်)အဖွဲ့နှင့် သီဆိုနိုင်သော တေးသီချင်းဖြစ်ပြီး ပရိသတ် နားစွဲလွယ်သော ကိုယ်ပိုင်သံစဉ်တေးသွားသီချင်းသစ်ဖြစ်ရမည်။ သံစဉ်ရေးစာသားပါ အကြောင်းအရာ တင်ပြပုံ ဦးတည်ချက်မှန်ကန်၍ စကားလုံး ကျစ်လျစ်ထိရောက်ရပါမည်။ ပြိုင်ပွဲဝင်မည့် တေးသီချင်းကို ကက်ဆက်ခွေဖြင့် အသံသွင်းပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် တေးသီချင်းတစ်ပုဒ်သာ ယှဉ်ပြိုင်ခွင့်ပြုပါမည်။ ပြိုင်ပွဲဝင်မည့် အပြီးသတ်အချောသွင်းထားပြီးဖြစ်သော ကက်ဆက်ခွေ Master(သို့) CD Master နှင့် အတူ စာသား ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်နှိပ်စက်ဖြင့်ဖြစ်စေ မိတ္တူနှစ်စောင်ကို ဂီတသင်္ကေတ မူရင်းတစ်ရွက်နှင့်အတူ ပေးပို့ရမည်။

ကဗျာပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာ ထားရှိ၍ စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေး၍ မူရင်းနှင့်မိတ္တူ ပေါင်းနှစ်စောင်တင်သွင်းရမည်။ ပြိုင်ပွဲဝင် ကဗျာသည် စပ်ထုံးစပ်နည်းမှန်ကန်ပြီး စာကြောင်းရေ ၅၀ မှ ၁၀၀အတွင်း ရှိရမည်။

ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲနှင့် ပတ်သက်၍ အသက်(၁၀)နှစ်အောက်၊ ၁၀ နှစ်မှ ၁၅ နှစ်အောက်၊ ၁၅ နှစ်မှ ၂၀နှစ်အောက်၊ အသက် ၂၀နှစ်အထက်ဟူ၍ လေးဆင့်ယှဉ်ပြိုင်ခွင့်ပြုသည်။ အသက် အထောက်အထားအတွက် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၏ ထောက်ခံချက်ဖြင့် ပြည်နယ်/တိုင်း မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များက ဦးစီးကျင်းပမည့် လက်တွေ့ရေးဆွဲယှဉ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရမည်။ ရေးဆွဲမည့်စက္ကူ ယူလာရန်မလို။ နှစ်သက်ရာ ဆေးကိုယူလာပြီး နှစ်သက်ရာရေးနည်းဖြင့် သရုပ်ဖော်ရေးဆွဲ၍ အောက်ခြေတွင် လက်မှတ်ရေးထိုးရမည်။

ဓာတ်ပုံပြိုင်ပွဲကို အလွတ်တန်းတစ်မျိုးတည်းသာထားရှိ၍ ပြိုင်ပွဲဝင်တစ်ဦးလျှင်(၁၀x၁၄)လက်မ အရွယ်ဆေးရောင်စုံ ဓာတ်ပုံလေးပုံအထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ မည်သည့်ကင်မရာ အမျိုးအစားနှင့်မဆို ရိုက်ကူးယှဉ်ပြိုင်နိုင်သည်။ မိမိကိုယ်တိုင် ရိုက်ကူးထားသောပုံဖြစ်ရမည်။ အခြားပြိုင်ပွဲများတွင် ဆုရရှိပြီးသောပုံမဖြစ်စေရ။ ပြိုင်ပွဲဝင်တစ်ဦးလျှင် ဆုကြီးတစ်ဆုနှင့် အထူးဆုနှစ်ဆု အထိသာ ခံစားခွင့်ရှိသည်။ (မှတ်ချက်-ပြိုင်ပွဲဝင်ဓာတ်ပုံများ၏ နောက်ကျောတွင် ဓာတ်ပုံပညာရှင်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ မိမိကိုယ်တိုင်ရိုက်ကူးပြီး ဆုမရရှိဖူးသေးကြောင်း ဝန်ခံချက်ကို ဓာတ်ပုံတစ်ပုံချင်း၏ နောက်ကျောတွင် ရေးသားလက်မှတ်ရေးထိုး၍ ပတ်စ်ပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းတို့ကို ပူးတွဲ လျက်ပေးပို့ရမည်။)

ကွန်ပျူတာပန်းချီပြိုင်ပွဲကို ပြည်နယ်/တိုင်းအလိုက် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်ဟူ၍ နှစ်ဆင့်ခွဲ၍ ကျင်းပမည်ဖြစ်ပြီး အထက်တန်းအဆင့်အတွက်(၈၊ ၉၊ ၁၀)တန်း ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး အလယ်တန်းအဆင့်အတွက် (၅၊ ၆၊ ၇)တန်း ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်၍ အောက်ပါစည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်။ (က) ကွန်ပျူတာပန်းချီပြိုင်ပွဲကို IBM ကွန်ပျူတာအမျိုးအစားဖြင့် ရေးဆွဲရန်၊ (Software Programme ကို Corel-draw, Photoshop, Clarif office ကြိုက်ရာတစ်မျိုးမျိုးဖြင့်ရေးဆွဲနိုင်သည်။) (ခ) ရေးဆွဲချိန် ၂နာရီသတ်မှတ်ရန်။ (ဂ) Floppy Disk နှစ်စုံကူးယူ၍ ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ တစ်ဆင့် ထောက်ခံချက်ဖြင့် မူးယစ်ဗဟိုရုံးသို့ ပေးပို့ရမည်။ (ရေးဆွဲသည့်ပုံကို ဓာတ်ပြားတစ်ချပ်တည်း၌ ထည့်သွင်းနိုင်ရန်အတွက် သိမ်းဆည်းရာတွင် Win Zip ဖြင့် EXE ပုံစံနှင့် အကျဉ်းချုံ့၍ ပို့ရမည်။) (ဃ) ရန်ကုန်တိုင်းအတွင်းမှ ကွန်ပျူတာပန်းချီပြိုင်ပွဲအား ကွန်ပျူတာတက္ကသိုလ်(လှိုင်နယ်မြေ)တွင် ၂၂-၅-၂၀၀၅ ရက် နံနက် ၉နာရီမှ ၁၁နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။

ကွန်ပျူတာဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲကို ပြည်နယ်/တိုင်းများ၌ အသက် ၁၅နှစ်အထက် အလွတ်တန်း တစ်တန်းတည်း၌ ပြိုင်ပွဲဝင်တစ်ဦးလျှင်တစ်ပုံသာ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ကွန်ပျူတာ ဒစ်ဂျစ်တယ်ပိုစတာပြိုင်ပွဲဝင် CD များကို ပြိုင်ပွဲဝင်ပုံစံနှင့်အတူ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှတစ်ဆင့် ထောက်ခံချက်ဖြင့် မူးယစ်ဗဟိုရုံးသို့ ပေးပို့ရမည်။

ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာပြိုင်ပွဲတို့တွင် ပြိုင်ပွဲဝင်တစ်ဦးလျှင် စာမူတစ်စောင်သာ တင်သွင်းနိုင်ပြီး ကာတွန်း၊ ပန်းချီ၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာပြိုင်ပွဲများတွင်လည်း ပြိုင်ပွဲဝင်တစ်ဦးလျှင် တစ်ပုံသာ ပေးပို့ယှဉ်ပြိုင်ခွင့်ရှိသည်။

ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာ ပိုစတာပြိုင်ပွဲဝင်များအနေဖြင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ နှစ်ပုံ၊ အမည်ရင်း၊ ကလောင်အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ကိုယ်ရေးအကျဉ်းချုပ်၊ မိမိကိုယ်တိုင်ရေးဆွဲခြင်းဖြစ်ကြောင်း၊ မည်သည့် စာစောင်တွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်း ဝန်ခံချက်စသည်တို့ကို ပူးတွဲပေးပို့ရမည်။

ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲအတွက် ပြည်နယ်/တိုင်းများမှ ဝင်ရောက်ယှဉ်ပြိုင်သူများသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ ကြီးမှူးကျင်းပသည့် ပြည်နယ်/တိုင်းအလိုက် ပြိုင်ပွဲများမှ တစ်ဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည်။ ပြည်နယ်/တိုင်းများအနေဖြင့် သင့်လျော်သည့် နေ့ရက်သတ်မှတ်ပြီး ကျင်းပကြရမည်။

ကာတွန်း၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲအတွက် ရန်ကုန်တိုင်းမှ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများသည် အထက(၂)လသာ မြညီလာခန်းမတွင် ၂၅-၅-၂၀၀၅ရက် နံနက် ၉ နာရီမှ ၁၂နာရီအထိ ကာတွန်း၊ မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအထိ ပန်းချီနှင့် ၂၆-၅-၂၀၀၅ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ပိုစတာ လက်တွေ့ရေးဆွဲယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစာမူများ၊ တေးသီချင်းများနှင့် ဓာတ်ပုံများကို ဒုတိယရဲမှူးကြီးမြမြ၊ မူးယစ်ဗဟိုရုံး ပြည်ထဲရေးဝန်ကြီးဌာန (ဆရာစံလမ်းနှင့် စက်မှု(၁)လမ်းထောင့်) ရန်ကုန်မြို့သို့လိပ်မူ၍ ပြိုင်ပွဲအလိုက် သတ်မှတ်နေ့ရက်များအရောက် တိုက်ရိုက်ပေးပို့ရမည်။ ပြိုင်ပွဲဝင် ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီနှင့် ကွန်ပျူတာပိုစတာလက်ရာများကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များမှ တစ်ဆင့် ထောက်ခံချက်ဖြင့် အထက်ပါလိပ်စာအတိုင်း သတ်မှတ်နေ့ရက်အရောက်ပေးပို့ရမည်။

ပြိုင်ပွဲဝင် စာမူနှင့် လက်ရာများကို မူးယစ်ဗဟိုရုံးသို့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည့်နေ့ရက် သတ်မှတ်ချက်များမှာ (က) ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ ၂၀-၅-၂၀၀၅နေ့အရောက်၊ (ခ) တေးသီချင်း၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ဓာတ်ပုံ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာပိုစတာ ၂၅-၅-၂၀၀၅နေ့အရောက် ပေးပို့ရမည်ဖြစ်သည်။

စာမူတေးသီချင်းလက်ရာများကို ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများအဖြစ် ရွေးချယ်မည်ဖြစ်ပြီး ရွေးချယ်ခြင်းခံရသော စာမူနှင့်လက်ရာများကို ၂၀၀၅ခုနှစ် ဇွန် ၁၈ရက်တွင် ကြေညာ၍ ပထမ၊ ဒုတိယနှင့် တတိယဆုရသူများကို ၂၀၀၅ခုနှစ် ဇွန်၂၄ရက်တွင် ရန်ကုန်မြို့သို့ ဖိတ်ခေါ်၍ ၂၀၀၅ခုနှစ် ဇွန်၂၆ရက်တွင် အခမ်းအနားဖြင့် ဆုချီးမြှင့်မည်ဖြစ်သည်။ အထူးဆုရရှိသူများအား သက်ဆိုင်ရာပြည်နယ်/တိုင်းများမှ ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားများ၌ ဆုချီးမြှင့်မည်ဖြစ်သည်။

ရွေးချယ်ခြင်းမခံရသော စာမူများ၊ လက်ရာများ၊ တေးသီချင်းများကို ပြန်လည်ပေးပို့မည်မဟုတ်ကြောင်းနှင့် မူးယစ်ဆေးဝါးထုတ်လုပ်သုံးစွဲမှု ပပျောက်ရေးကို ဦးတည်ချက်ဆောင်ပုဒ်များ သတ်မှတ်ထားသော်လည်း မူးယစ်ဆေးဝါး ပပျောက်ရေးကို ဦးတည်သည့် မည်သည့် သီကုံးရေးဆွဲရိုက်ကူးမှုကိုမဆို လွတ်လပ်စွာပြုလုပ်နိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး စိုက်ပျိုးရေးလုပ်ငန်း လိုအပ်ချက်များ ဖြည့်ဆည်းပြီး နွေစပါးစိုက်ခင်းများကြည့်ရှု

ရန်ကုန် ဧပြီ ၂၀

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၆ ရက် မွန်းလွဲ ၂နာရီက သိန်းနီမြို့နယ်၊ စယ်အူကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းသို့ရောက်ရှိကြရာ ကျောင်းရုံးခန်းတွင် တိုင်းမှူးအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပြည်နယ်အင်ဂျင်နီယာမှူးကြီးဦးကျော်မင်းသိန်းက အလျားပေ ၁၅၀၊ အနံပေ ၃၀၊ အမြင့် ၁၂ပေရှိ စာသင်ခန်း ငါးခန်းပါ စာသင်ဆောင် တစ်ဆောင်၊ အလျားပေ ၁၅၀၊ အနံပေ၃၀၊ အမြင့်၁၂ပေရှိ ကျောင်းခန်းမဆောင်တစ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်သွားမည့်အစီအစဉ်များကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒေသခံတိုင်းရင်းသားခေါင်းဆောင် ဦးကန်နက စယ်အူဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေများနှင့် လုပ်ငန်း လိုအပ်ချက်များကို လည်းကောင်း၊ ပြည်နယ်ဆည်မြောင်း ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက စယ်အူဒေသအတွင်းရှိ စိုက်ပျိုးမြေများရေလုံလောက်စွာရရှိရေးအတွက် ဖိုင်ခမ်းဆည် လက်ဝဲမြောင်း အသစ်တူးဖော်မှု၊ နမ့်မျှင်ဆည် လက်ယာမြောင်း လက်တက် ပြုပြင်ဆောင်ရွက်မှုနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ဖြန့်ဖြူးနိုင်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဖြည့်ဆည်း

ယင်းနောက် တိုင်းမှူးကတင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက် မှာကြားပြီး ကျောင်းဝင်းအတွင်းတိုးချဲ့ကျောင်းဆောင်(၂)ဆောင်နှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မည့်မြေနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့်တိုင်းမှူးသည် စယ်အူကျေးရွာရှိ ဒေသခံ တိုင်းရင်းသားဦးကန်နန၏ နှစ်ရှည် ကျွဲကော၊ လိမ္မော်နှင့် လိုင်ချီးဧက၃၀ စိုက်ခင်းသို့လည်းကောင်း၊ နောင်မောင်း ကျေးရွာရှိ သိန်းနီတပ်နယ်တပ်ရင်းတပ်ဖွဲ့များ၏ ဖိုင်ခမ်းဆည်ရေသောက် တစ်ဆက်တစ်စပ်တည်း နွေစပါးစံပြဧက ၅၀၀စိုက်ခင်းသို့ လည်းကောင်း၊ သိန်းနီမြို့အဝင် မြို့မကွင်းရှိ ဒေသခံတောင်သူဦးစိုင်းဆာထွန်း၊ ဦးစိုင်းပါဝင်း၊ ဒေါ်ဆိုင်းဆာနှင့် ဦးမာလတို့၏နွေစပါးစိုက်ခင်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် သိန်းနီမြို့အဝင် မြို့မကွင်းရှိအထူးအထွက်တိုးဆင်းရွှေလီနွေစပါး စံပြဧက ၂၀၀၀ စိုက်ခင်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တိုင်းမှူးအား သိန်းနီ မြို့နယ်ဥက္ကဋ္ဌ ဦးရဲကျော်ခိုင်က သိန်းနီမြို့နယ်အတွင်း ၂၀၀၄-၂၀၀၅ ခုနှစ် နွေစပါး ၂၅၃၂ ဧက စိုက်ပျိုးထုတ်လုပ်မှု၊ မိုးစပါးစိုက်ပျိုးရန် ဆင်းရွှေလီစပါးမျိုးစေ့များ ဖြန့်ဖြူးပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ပြည်နယ်ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းက သိန်းနီဒေသအတွင်း နွေစပါး စိုက်ပျိုးရန် ဖိုင်ခမ်းဆည်၊ နမ့်မျှင်ဆည်တို့မှ ရေသွယ်မြောင်းများဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နွေစပါးစိုက်ခင်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညနေ ၅ နာရီတွင် တိုင်းမှူးသည် သိန်းနီမြို့နယ် စံလောင်းစံပြကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအား တွေ့ဆုံအားပေးကာ ဆေးရုံအတွင်းလူနာ ဆောင်၊ ခွဲစိတ်ခန်းနှင့် ပြင်ပလူနာဌာနတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် လားရှိုးမြို့ မြို့တော်ခန်းမရှေ့ရှိ ရှမ်းပြည်နယ်(မြောက်ပိုင်း) မဟာသင်္ကြန် ပြည်ထောင်စု ဗဟိုဆုပေးမဏ္ဍပ်သို့ ရောက်ရှိပြီး ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။

ညပိုင်းတွင် တိုင်းမှူးသည် ပြည်ထောင်စု ဗဟိုဆုပေးမဏ္ဍပ်၌ ကျင်းပသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ၁၃၆၆ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန် ပွဲတော်ယိမ်းအကပြိုင်ပွဲ၊ ဆုပေးပွဲနှင့် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကာ ဆုများ ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

အင်းစိန်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများက စဉ့်ငူရပ်ကွက်အတွင်းနေထိုင်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေးအတွက် ဧပြီ ၃ ရက်က အမက(၂၉) ခန်းမ၌ ကွင်းဆင်းဆောင်ရွက်နေမှုကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးရဲထွဋ်ရှ စစ်ဆေးစဉ်။ (မြို့နယ်လဝက)

စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိမှု ပြစ်ဒဏ်ချမှတ်

ရန်ကုန် ဧပြီ ၂၀

မန္တလေး မူးယစ်အထူးအဖွဲ့ဝင်များသည် ၂၀၀၄ ခုနှစ် မေ ၅ ရက်တွင် သတင်းအရ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် အမှတ်(ဃ/၁၂၃)ရှိ ညီညီလွင်၏ နေအိမ်ကိုဝင်ရောက်စစ်ဆေးရှာဖွေရာ အိပ်ခန်းအတွင်းရှိ သံသေတ္တာအတွင်းမှ ပလတ်စတစ်အိတ်ဖြင့် ထည့်လျက် ယုန်ခေါင်းတံဆိပ်ပါ နီညိုရောင် စိတ်ကြွရူးသွပ်ဆေးပြား ၂၆၅ပြား၊ အစိမ်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၊ စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသည့်ဓာတုဆေးမှုန့်နှစ်ထုပ် စုစုပေါင်း အလေးချိန် ၉၇၈ ဂရမ် ဖမ်းဆီးရမိ၍ မန္တလေးမြို့ အမှတ်(၁)ရဲစခန်းက မယ(ပ)၂/၂၀၀၄ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၆(ဂ) ၂၁ အရ အမှုဖွင့်အရေးယူခဲ့သည်။

အမိန့်ချမှတ်

ယင်းအမှုကို မန္တလေးခရိုင် တရားရုံးသို့တရားစွဲတင်ပို့ခဲ့ရာ တရားရုံးက ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၅ရက်တွင် ညီညီလွင်အပေါ် မူးယစ်ပုဒ်မ ၁၆(ခ) အရ အလုပ်နှင့်ထောင်ဒဏ် ခြောက်နှစ်၊ ပုဒ်မ၁၉(က)အရ အလုပ်နှင့်ထောင်ဒဏ် ၁၂နှစ် တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။

ဖမ်းဆီးရမိ

အလားတူ မန္တလေး မူးယစ်အထူးအဖွဲ့ဝင်များသည် ၂၀၀၄ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် ပုသိမ်ကြီးမြို့နယ် ကျောက်ချောပူးပေါင်းရှာဖွေရေးစခန်း၌ ကျောက်မဲမှ မန္တလေးသို့လာသည့် ခရီးသည်တင်ယာဉ်အမှတ် (၈က/၁၈၅၅)ကိုစစ်ဆေးရာ ခရီးသည် အောင်ကိုဦး၏ အတွင်းခံဘောင်းဘီအတွင်းမှ WY စာတန်းပါ နီညိုရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၀ ထုပ် စုစုပေါင်း ဆေးပြား ၂၀၁၈ပြားဖမ်းဆီးရမိသည်။

ယင်းအမှုကို မန္တလေးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ တရားရုံးက ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၁၉ရက်တွင် အောင်ကိုဦးအပေါ် မူးယစ်ဆေးဝါးသုံးစွဲမှုပုဒ်မ ၁၅အရ အလုပ်နှင့် ထောင်ဒဏ်ငါးနှစ်၊ မူးယစ်ဆေးဝါး ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ ပြစ်ဒဏ်များကို သီးခြားစီ ကျခံစေရန်အမိန့်ချမှတ်ခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်များက အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

ရန်ကုန် ဧပြီ ၂၀

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်၊အလှူရှင်များက အလှူငွေနှင့် ပစ္စည်းများလှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်း အမှတ်(၁၃၂)ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ညှိနှိုင်းခန်းမ၌ကျင်းပသည်။

တက်ရောက်

အဆိုပါလှူဒါန်းပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက် အထွေထွေအတွင်းရေးမှူးနှင့် အတွင်းရေးမှူးအဖွဲ့-အဖွဲ့ဝင်များ၊ ဌာနကြီးမှူးများနှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရွှေဦးစွာ အလှူရှင် NIBBAN Electric and Electronics မှ ဦးသိန်းကြည်နှင့်ဒေါက်တာအောင်သိန်းတို့က ငွေကျပ် ၈၅သိန်းတန်ဖိုးရှိ TKT. Nibban UD Light Truck မော်တော်ယာဉ်တစ်စီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် Website ထုထောင်ရန်အတွက် ငွေကျပ်သိန်း ၃၀၊ ဂန္ဓမာ ရုံးသုံးစက်လုပ်ငန်းလီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်လေးနှင့်ဇနီး မန်နေဂျင်းဒါရိုက်တာ ဒေါ်ကြူကြူတို့က ငွေကျပ် ၁၅၈၉၀၀၀ တန်ဖိုးရှိ Tripot Screen တစ်ခုနှင့် Motorized Screen တစ်ခု၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ငွေကျပ် ၁၃သိန်းတန်ဖိုးရှိ "ယဉ်ကျေးလိမ္မာမျိုးမြန်မာ ယဉ်ကျေးမှုစာတမ်းများ" စာအုပ် ၅၀၀၊ ဦးထွန်းညွှန့်၊ ဇနီးဒေါ်အေးအေးညွှန့် (ကြက်လျှာစွန်းဒံပေါက်)က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ဒုတိယနေ့ ဒံပေါက်ထမင်းဧည့်ခံကျွေးမွေးစရိတ် ငွေကျပ် ၄၇၇၀၀၀ တို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါ်သန်းသန်းနွဲ့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ကျေးဇူးတင်စကား

ထို့နောက် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားပြီး လှူဒါန်းပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အလှူငွေလက်ခံ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်သို့ အလှူရှင်များလှူဒါန်းသော အလှူငွေများကို လက်ခံယူစဉ်။ (သတင်းစဉ်)

ညောင်ပင်သာဆရာတော် ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၀

မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည့် ပဲခူးတိုင်း(အနောက်ပိုင်း) ပန်းတောင်းမြို့နယ် ညောင်ပင်သာရွာ ညောင်ပင်သာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဓမ္မသာမိအား တပည့်ဒါယကာ၊ ဒါယိကာမများ၏ ပူဇော်မင်္ဂလာအခမ်းအနားကို ၁၃၆၇ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၅ရက်၊ ဧပြီ၂၃ရက် (စနေနေ့) နံနက်၇ နာရီတွင် ညောင်ပင်သာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညိုပူဇော်နိုင်သည်။

(သတင်းစဉ်)

ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၀

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသည့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်းဆရာတော်၊ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တကုမာရ မဟာထေရ်မြတ်နှင့်မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် အပ်နှင်းခြင်းခံရသည့် ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ဂေါပကအဖွဲ့ဥက္ကဋ္ဌ သီတဂူ ဦးဟန်တို့အား မဟာသိမ်တော်ကြီး ဂေါပကအဖွဲ့နှင့် ပန်းဘဲတန်း၊ ကျောက်တံတား၊ လသာသုံးမြို့နယ်မှ စုပေါင်းဂုဏ်ပြုပွဲကို ဧပြီ ၂၉ ရက် နံနက် ၈ နာရီတွင် မဟာသိမ်တော်ကြီး ဓမ္မာရုံ၌ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။

(က-ပ)

ကမာရွတ် အမက(၂)၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲကို ဧပြီ ၁ ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီခိုင် စတုတ္ထတန်းမှ မဆုရတနာအား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (က-ပ)

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့သော ကျောင်းနောက်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မတ် ၁၉ ရက်က မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

စိန်ဖူးတော်တင်လှူပွဲနှင့် ဗုဒ္ဓပူဇနိယပွဲကျင်းပမည်

မုံရွာ ဧပြီ ၉

စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ကျောက္ကာရွာ ဆုတောင်းပြည့် ရွှေဂူနီမြတ်စွာဘုရားကြီးတွင် စိန်ဖူးတော်တင်လှူပွဲကို (၁၃၆၇ခုနှစ်ကဆုန်လပြည့်ကျော် ၂ရက်) မေ ၂၄ရက် နံနက် ၈နာရီ ၁၀မိနစ်တွင် ကျင်းပမည်ဖြစ်သည်။

နှစ်စဉ် ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို (၁၃၆၇ခုနှစ် ကဆုန်လပြည့်ကျော် ၄ရက်မှ ၉ရက်)၊ မေ ၂၆ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ ဖုန်း ၀၇၀-၂၂၄၇၄၊ ၂၁၃၈၂ ဂေါပကအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မိုးနဲမြို့နယ် ဆွန်မရမ်းရွာ ကျေးလက်ကိုယ့်အားကိုယ်ကိုး ကျန်းမာရေးဆေးခန်းဖွင့်ပွဲကို မတ် ၂၃ရက်က ကျေးလက်ဆေးခန်း၌ ကျင်းပရာ အခမ်းအနားသို့ နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(ကျန်းမာရေး)

ရွှေထီးတော်တင်လှူပူဇော်

တိုက်ကြီး ဧပြီ ၁၄

တိုက်ကြီးမြို့နယ်အဖျောက်သဘာဝခေတ်ငွေ့မြေ ဓမ္မသဟာယကျောင်းတိုက်တွင် တည်ထားကိုးကွယ်မည့် မဟာသိဒ္ဓိအောင် ပြည်လုံးချမ်းသာစေတီတော်မြတ်ကြီး၏ ထီးတော်တင်လှူပူဇော်ပွဲကို ဧပြီ ၁၂ရက်က ကျောင်းတိုက်တွင် ကျင်းပသည်။

ထို့နောက် ထီးတော်ဘုံအဆင့်ဆင့်အား အမှတ်(၁) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းမှ ဒုတိယဗိုလ်မှူးကြီး ခင်မောင်မော်၊ သဘာဝခေတ်ငွေ့မြေ အထွေထွေမန်နေဂျာ ဦးလှမြင့်မောင်နှင့် ဌာနမှူးများ၊ ထီးအလှူရှင် ဝိဇ္ဇာကျော်ဆေးတိုက် မိသားစုများက တင်လှူပူဇော်ကြသည်။ **(က-ပ)**

လှိုင်းဘွဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့တွင်းအရှည်ပေ ၂၀၃၀၊ တစ်ဖက်လျှင် ၁၂ပေ အကျယ်ရှိ လမ်းဘောဝဲယာ ကတ္တရာလမ်းတိုးချဲ့လျက်ရှိရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးစောမြမောင်၊ မြို့နယ်ဆောက်လုပ်ရေး အင်ဂျင်နီယာ ဦးအောင်လင်းနှင့်အဖွဲ့ မတ် ၃၀ ရက်က ကြည့်ရှုစစ်ဆေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

မြို့နယ် သတင်းများ

ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

ဇလွန် ဧပြီ ၁၈

ဇလွန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းမင်းလတ် ဦးဆောင်၍ ဧပြီ ၅ရက်မှ ၁၂ ရက်အတွင်း ဇလွန်မြို့ပေါ်တွင် မိုးရာသီကာလ မြို့တွင်း ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်ယူမည့် စီမံချက်နှင့်အညီ ကြိုတင်ကွင်းဆင်း တိုင်းတာ စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။

(မြို့နယ်စည်ပင်)

ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော ပေါက်တန်းကြီးအုပ်စု သာဒီတောင်စုရွာ ကျေးလက်တံ့ကင်တွင်းတူးဖော်ဆောင်ရွက်ပြီးစီးမှုကို ဧပြီ ၁၀ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသိန်း ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဖွင့်

ခင်ဦး ဧပြီ ၁၀

ခင်ဦးမြို့နယ် ယောက်သွားအိုင်ကျေးရွာ သုခပါလကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တမာနိတ ဦးစီး၍ အမှတ်(၆) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဖွင့်ပွဲကို ဧပြီ ၆ရက်က ကျင်းပရာ ရွှေဘိုမြို့ သုခကာရီကျောင်းတိုက် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကောသရနှင့် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးရွှေမြတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ရွှေဘိုမြို့ ပိဋကတ်တိုက် ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ဘဒ္ဒန္တ ပညာဇောတထံမှ ငါးပါးသီလခံယူ၍ သုခပါလကျောင်းတိုက် ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တမာနိတအား အသိအမှတ်ပြုလွှာ ပေးအပ်သည်။

ထို့နောက် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးရွှေမြက ပညာရေးမူဝါဒဆိုင်ရာများကိုလည်းကောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်စား ဦးထွန်းမင်းနှင့် ကျောင်းသားမိဘများကိုယ်စား ဦးမောင်မောင်တင်တို့က ကျေးဇူးတင်စကား ပြောကြားသည်။ **(မြို့နယ်ပြန်/ဆက်)**

ကျေးလက် တစ်ခွင် ဖွံ့ဖြိုး စည်ပင်

နောင်တရားမြို့နယ် မြင်းတွင်းကျေးရွာအုပ်စု ပက်တလယ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ထာဝရအလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်နှင့် ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်မော်မော်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်ပြန်/ဆက်)

၂၀၀၅ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်

မိခင်နှင့်ကလေး စောင့်ရှောက်မှု ဟောပြောပွဲကျင်းပ

သနပ်ပင် ဧပြီ ၁၂

၂၀၀၅ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် ပဲခူးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ ကိုယ်ဝန်ဆောင် စောင့်ရှောက်ရေးလှုပ်ရှားမှု ဟောပြောပွဲကို ဧပြီ ၇ ရက်က သနပ်ပင်မြို့ ဈေးပိုင်းရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းတွင် ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်က အမှာစကားပြောကြားပြီး သနပ်ပင်မြို့နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဇော်ဝမ်းက ၂၀၀၅ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် ကိုယ်ဝန်ဆောင် စောင့်ရှောက်ရေးလှုပ်ရှားမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပဲခူးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စဝ်နွန်းခွန်ဆမ်က ကိုယ်ဝန်ဆောင် စောင့်ရှောက်ရေးလုပ်ငန်းအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသည်။ **(အပေါ်ပုံ)**

(၁၄၅)

ကျေးလက်စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

မကွေး ဧပြီ ၁၃

မကွေးတိုင်း ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ပြန်ကြားရေးဌာနမှ ကျေးလက် စာကြည့်တိုက်များသို့ စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီ ၉ရက် နံနက် ၉နာရီက မကွေးမြို့ ကမ်းနားလမ်းရှိ မြန်မာ့ဆက်သွယ်ရေး ညော်ဂေဟာ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ပြန်ကြားရေးဌာနမှူး ဒေါ်ယဉ်ယဉ်မြင့်က စာအုပ်များလှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီလွင်က ငွေကျပ်နှစ်သိန်းကျော် တန်ဖိုးရှိသော သုတ၊ ရသ ဂျာနယ်မျိုးစုံကို ပေးအပ်လှူဒါန်းရာ မကွေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူးဦးဆန်းက လက်ခံရယူသည်။ **(အောက်ပုံ)** (၃၃၃)

မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး နှစ်ဦးအဖွင့် မင်္ဂလာဓမ္မသဘင် အထူးတရားပွဲဖိတ်ကြားလွှာ

"သစ်ဆန်းကြားနာ၊စင်ကြယ်စွာသား ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊ စိတ်ကြည်လင်ရိုး၊ ဤငါးမျိုးသည် တရားနာရာအကျိုးတည်း။ ။"

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရား ဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာနာကြားရသူတိုင်း အထက်ပါ အကျိုးတရား ငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် ရည်စိတ်သန်၍-ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော မဟာသကျမုနိ ရုပ်ပွားတော်မြတ်ကြီး၏ နှစ်ဦးအဖွင့် မင်္ဂလာဓမ္မသဘင်ကို တစ်ဖက်ပါ အစီအစဉ်အတိုင်း အထူးတရားပွဲသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက် တရားနာကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရွှင်ကြည်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်
စစ်ကိုင်းတောင်ရိုး၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt)	၁၃၆၇ခု၊ တန်ခူးလပြည့်နေ့ စနေနေ့ (၂၃-၄-၂၀၀၅)
ပထမကျော်ဓမ္မာစရိယ အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)	၁၃၆၇ခု၊ တန်ခူးလပြည့်ကျော် (၁) ရက် တနင်္ဂနွေနေ့ (၂၄-၄-၂၀၀၅)
ဝနဝါသီ အရှင်ဝါသေဋ္ဌာဘိဝံသ (ကျောက်တလုံးတောရ)	၁၃၆၇ခု၊ တန်ခူးလပြည့်ကျော် (၂) ရက် တနင်္လာနေ့ (၂၅-၄-၂၀၀၅)
စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူချောင် ဓမ္မကထိက ဗဟုဇနဟိတဓရ၊ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ	၁၃၆၇ခု၊ တန်ခူးလပြည့်ကျော် (၃) ရက် အင်္ဂါနေ့ (၂၆-၄-၂၀၀၅)

အထူးတရားပွဲအစီအစဉ်

ကျင်းပမည့်နေ့ရက်

၁၃၆၇ခု၊ တန်ခူးလပြည့်နေ့မှ တန်ခူးလပြည့်ကျော် (၃)ရက်နေ့ထိ

ကျင်းပမည့်နေရာ

မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋိတန်ဆောင်းတော်ကြီး၊ ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။

ကျင်းပမည့်အချိန်

ညစဉ် (၇) နာရီ

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပစေတီတော် နှစ်ထပ်ယောဂီဆောင် ဆောက်လုပ်ရန် အလှူငွေပေးအပ်ပွဲကို မဟာမုနိဓမ္မာရုံတွင် ဧပြီ ၁၈ရက်က ကျင်းပရာ ဒေါ်ကျော့အား ရည်စူး၍ အမှတ် (၃၅၃) သုမင်္ဂလာလမ်း (၉)ရပ်ကွက်နေ ဦးမောင်လှိုင်မိသားစုက ငွေကျပ်တစ်သိန်းကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သွင်ထံ ပေးအပ်စဉ်။ (၆၄)

ပြည်လုံးချမ်းသာဗုဒ္ဓရုပ်ပွားတော်မြတ် ဒေသစာရီကြွချီ အပူဇော်ခံမည်

ရန်ကုန် ဧပြီ ၂၀

ကြည့်မြင်တိုင်မြို့နယ်လုံးဆိုင်ရာ စေတနာသဗ္ဗာရဝတ်အသင်း၏ အမှတ် (၅၄) ဘောဂလမ်းရှိ ဓမ္မာရုံ၌ ကိန်းဝပ်စံပယ်လျက်ရှိသော ပြည်လုံးချမ်းသာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် (၂၅)ကြိမ်မြောက် ငွေရတုအသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၂၄ရက် မွန်းတည့် ၁၂နာရီမှ ဧပြီ ၂၉ရက် ညနေ ၆နာရီအထိ ရွတ်ဖတ်ပူဇော်ပြီး ဧပြီ ၃၀ရက်တွင် ဘုရားအမှူးရှိ ပင့်သံဃာ ၂၄ပါးတို့အား အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းပြီး မေ ၁ရက် ညနေ ၆နာရီတွင် ဘောဂရပ်ကွက်နှင့် ဈေးကလေးရပ်ကွက်များအတွင်းသို့ အန္တရာယ်ကင်း ဒေသစာရီကြွချီအပူဇော်ခံမည်ဖြစ်သည်။

(က-ပ)

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း အမှတ်(၇၁)နေ ကွယ်လွန်သူ ဒေါ်ပုညသီရိအား ရည်စူး၍ ဦးကြည်(ယုန်နီသက်န်းတိုက်)နှင့် သားသမီးမြေးများ မိသားစုတို့က ဒဂုံမြို့နယ် အမှတ် (၁၂) စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး တိပိဋကကျောင်းတော်၏ တိုးချဲ့ခုနစ်ထပ် ကျောင်းတော်ကြီး ဆောက်လုပ်ရန် အလှူငွေကျပ်ငါးသိန်းကို တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယထံ အနုမောဒနာ နာယူပြီး ရေစက်ချ၍ တိ=နိ (ရန်ကုန်ဌာန)အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လျှို့ဝှက်သောနှင်း ဆက်လက်ရုံတင်ပြသ ကချင်ပြည်နယ် ရေခဲတောင်အလှ ဖော်ကျူး

ရန်ကုန် ဧပြီ ၂၀

စင်ရော် ရုပ်ရှင်ထုတ်လုပ်ရေးမှ အကယ်ဒမီ စင်ရော်မောင်မောင် ခံစားတင်ပြပြီး အကယ်ဒမီလွင်မိုး၊ အကယ်ဒမီလူမင်း၊ အကယ်ဒမီ ညွှန့်ဝင်း၊ အကယ်ဒမီစိုးမြတ်နန္ဒာ၊ နီလာအောင်အောင်နှင့် အကယ်ဒမီ မြင့်မြင့်ခိုင်တို့ပါဝင် သရုပ်ဆောင်ထားသည့် **"လျှို့ဝှက်သောနှင်း"** ဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် မြန်မာနှစ်ဆန်းတစ်ရက်နေ့မှစ၍ ပြသလျက်ရှိရာ ယခုတစ်ပတ်တွင်လည်း ဆက်လက်ပြသနေသည်။ ဤဇာတ်ကားကို ကချင်ပြည်နယ်မှ ဖုန်ဂမ်ရာဇီ ရေခဲတောင်ထိပ်သို့ စွန့်စွန့်စားစား တက်ရောက်ရိုက်ကူးခဲ့ပြီး အကယ်ဒမီ သရုပ်ဆောင်များနှင့်အတူ ဒေသခံရဝမ်၊ လီဆူး၊ ကချင်တိုင်းရင်းသားတို့ တွဲဖက်ပါဝင် သရုပ်ဆောင်ထားကြသည်။ ကချင်ပြည်နယ်၏ ရေခဲတောင် ရှုခင်းများနှင့်အတူ တိုင်းရင်းသားရိုးရာ ဓလေ့များကို တဝကြီးရှုစားကြရမည် ဖြစ်သည်။

တင်ဆက်ပြသ

ဇာတ်ကားရိုက်ကူးရာတွင် ခေတ်မီ အဆင့်မြင့် ကင်မရာဖြင့် ရိုက်ကူးထားသည်။ ဇာတ်ကားကူးဆေးခြင်း၊ တည်းဖြတ်ခြင်း၊ တေးဂီတ အဆင့်မြင့် အသံထွက်နှင့် ကွန်ပျူတာ အထူးပြုလုပ်ချက်များ၊ အင်္ဂလိပ်စာတန်းထိုးခြင်း လုပ်ငန်းများကို ခေတ်မီအဆင့်မြင့်စွာ ပြုလုပ်ထားသည်။

ဒေင်အိပ်မက်

နဝဒေးရုပ်ရှင် ဥယျာဉ်တွင် လပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာ မောင်ဇေဒါ ရိုက်ကူးပြီး အကယ်ဒမီ ညွှန့်ဝင်း၊ အကယ်ဒမီရန်အောင်၊ အကယ်ဒမီလွင်မိုးနှင့် အကယ်ဒမီ ထက်ထက်မိုးဦးတို့ ပါဝင်သရုပ်ဆောင်ထားသည့် **"ဒေင်အိပ်မက်"** ဇာတ်ကား တင်ဆက်ပြသသည်။

ရွှေဆောင်ရုံတွင် S.W.A.T အမည်ရှိ လှုပ်ရှားမှုအသားပေး နိုင်ငံခြားရုပ်ရှင်ဇာတ်ကား တင်ဆက်ပြသသည်။ ဤဇာတ်ကားမှာဒုစရိုက်ဂိုဏ်းဝင်တစ်ဦး၏ ဇာတ်သိမ်းမကောင်းပုံအကြောင်း ရိုက်ကူးထားသည့် ဇာတ်ကြမ်းကားတစ်ကားဖြစ်သည်။ Colin Farrell နှင့် Samuel L. Jackson တို့ ပါဝင်သရုပ် ဆောင်ထားကြသည်။

ရေခဲတောင်ရှုခင်း

လျှို့ဝှက်သောနှင်း ဇာတ်ကားမှ ရေခဲတောင် ရှုခင်းနောက်ခံဖြင့် ဇာတ်ဝင်ခန်းတစ်ခန်း။

နေပြည်တော်ရုံတွင် Alien Vs Predator နိုင်ငံခြားဇာတ်ကား ပြသနေသည်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၄-၂၀၀၅ (ကြာသပတေးနေ့)

၇း၀၀	အဖွင့် ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	သံဂဟေအတတ်ပညာ အပိုင်း(၁)
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	နိုင်ငံတကာပိုက်ကျော်ခြင်းပြိုင်ပွဲ
၇း၃၀	မြေလျှောင်နှင့် ကမ်းသို့ရိုက်ခတ်သောရေလှိုင်းကြီးများ(ဆူနာမိ)
၈း၁၅	နိုင်ငံတကာသတင်း
၈း၂၀	အမွန်မြတ်ဆုံးလက်ဆောင်
၈း၃၀	တမာပိုးသတ်ဆေး
၈း၄၀	အားကစားနဲ့ ကျန်းမာရေး
၈း၅၀	ပြည်တွင်းသတင်း
၈း၅၅	ဂီတလွင်ပြင်ရွှေပွင့်လွှာ
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	နိုင်ငံတကာသတင်း
၉း၃၅	Say it in English
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	ပြည်ပသို့ထွက်ခွာခွင့်ပုံစံ(ဃ)(D)Form အကြောင်း သိကောင်းစရာ
၁၀း၀၅	ပြည်တွင်းသတင်း
၁၀း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅	ဝါသနာရှင်စင်မြင့်
၁၁း၀၀	အပိတ်

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ (၄)ကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူအေးချမ်းသာယာရေးကို အန္တရာယ်ပြုလာသည့် ပြည်ပြေးစဝ်ခမ်ဖ ဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏လုပ်ရပ်များကို

ပြစ်တင်ရှုတ်ချ၊ ဆန့်ကျင်ကန့်ကွက်သော သဘောထားကြေညာချက်များ ထုတ်ပြန်

ရန်ကုန် ဧပြီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များသည် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အများပြည်သူတို့၏ အေးချမ်းသာယာရေးကို အနှောင့်အယှက် အန္တရာယ်ပြုလာသည့် ပြည်ပြေး စဝ်ခမ်ဖ ဦးစီးသောအဖွဲ့နှင့် အပေါင်းပါတစ်စု၏ လုပ်ရပ်များကို ပြစ်တင်ရှုတ်ချ၊ ဆန့်ကျင်ကန့်ကွက်သော သဘောထားကြေညာချက်များကို အသီးသီး ထုတ်ပြန်ခဲ့ကြသည်။ အဆိုပါအဖွဲ့အသီးသီး၏ သဘောထားကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ် ထုတ်ပြန်ကြေညာချက်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသည့် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ထားသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရည်ရွယ်ချက်နှင့် လုပ်ရပ်များမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးစီးပွားကို အန္တရာယ်ပြုခြင်းဖြစ်၍ ပြင်းထန်စွာ ရှုတ်ချကန့်ကွက်ပြီး ယင်းတို့၏ကြေညာချက်ကို လုံးဝလက်မခံကြောင်း ကြေညာသည်။

၂။ ယင်းပြည်ပြေးအဖွဲ့နှင့် ယင်းအဖွဲ့နှင့်ဆက်နွယ်သည့် အခြားအဖွဲ့အစည်းများအား ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၅)ဖြင့် မတရားအသင်းကြေညာခြင်းကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက တစ်ခဲနက်ကြိုဆိုထောက်ခံသည်။

၃။ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် ချမှတ်ထားသော အသင်းကြီး၏ ဦးတည်ချက်နှင့်အညီ အဖျက်သမားအန္တရာယ်မှန်သမျှကို (၂၁)သန်းကျော်သော အသင်းဝင်တို့၏ စွမ်းအား၊ စည်းလုံးမှုအင်အားဖြင့် တွန်းလှန်ဖယ်ရှားသွားမည်ဖြစ်သည်။

၄။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမျိုးသားရေးပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သို့ဦးတည်၍ တည်ဆောက်နေရာတွင် နိုင်ငံတော်အတွင်း အေးချမ်းတည်ငြိမ်မှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု ဟူသော အကျိုးရလဒ်ကောင်းများ ထွန်းကားလာသည်ကို ထင်ရှားစွာမြင်တွေ့နေရပြီဖြစ်သည်။

၅။ ယခုအခါ နိုင်ငံတော်တွင် ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် ပင်မမဏ္ဍိုင်ကြီးများဖြစ်သော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များအတိုင်း စွမ်းစွမ်းတမံ ကြိုးပမ်းဖော်ဆောင်နေချိန်လည်းဖြစ်ပါသည်။

၆။ နိုင်ငံတော်အတွင်း ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်း ရရှိလာချိန်တွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို စတင်အကောင်အထည်ဖော်နေသည်ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဒီမိုကရေစီ လူ့အဖွဲ့အစည်းနှင့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်ရေးသို့ ဦးတည်နေပြီဖြစ်ပါသည်။

၇။ နိုင်ငံတော်တွင် ဤကဲ့သို့ အဘက်ဘက်က ဖွံ့ဖြိုးလာချိန်တွင် ပြည်ပြေး စဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရည်ရွယ်ချက်နှင့်လုပ်ဆောင်ချက်သည် အဖျက်အမှောင့် လုပ်ရပ်သက်သက်သာ ဖြစ်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အပြင်းအထန်ဆုံး ပြစ်တင်ရှုတ်ချကန့်ကွက်ကြောင်း ကြေညာလိုက်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်
၂၀၀၅ ခုနှစ်၊ ဧပြီလ ၂၀ ရက်။

မှားယွင်းသော လူမျိုးရေးဝါဒသည် ရှမ်းပြည်နယ် တိုင်းရင်းသားလူမျိုးပေါင်းစုံ သွေးစည်း ညီညွတ်ရေးကို သွေးခွဲဖျက်ဆီး

ရှမ်းပြည်တပ်မတော်(SSA) အထူးဒေသ(၃)နှင့် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA)တို့၏ သဘောထား ထုတ်ပြန်ကြေညာချက်

ရက်စွဲ။ ၂၀၀၅ ခုနှစ် ဧပြီလ (၂၀)ရက်

၁။ ၁၇-၄-၂၀၀၅ ရက်နေ့တွင် ပြည်ပရောက်လူတစ်စုတို့က ရှမ်းပြည်လွတ်လပ်ရေးကြေညာချက် စတင်ထုတ်ပြန်ကြောင်း သတင်းနှင့်ပတ်သက်ပြီး ကြားသိရပါသည်။ ထိုထုတ်ပြန်ကြေညာချက် အပေါ် မိမိတို့ အပစ်အခတ်ရပ်ဆိုင်းကာ ငြိမ်းချမ်းရေး ရယူထားသော လက်နက်ကိုင် ရှမ်းပြည် တပ်မတော် အထူးဒေသ(၃) (SSA)နှင့် ရှမ်းပြည် အမျိုးသားတပ်မတော် (SSNA)တို့မှ ထားရှိသော သဘောထားကို ထုတ်ပြန်ကြေညာအပ်ပါသည်။

၂။ မိမိတို့ ရှမ်းပြည်တပ်မတော်နှင့် ရှမ်းပြည်အမျိုးသားတပ်မတော်တို့သည် နိုင်ငံရေးပြဿနာများကို ငြိမ်းချမ်းစွာ နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်အတွက် အပစ်အခတ်ရပ်စဲကာ ငြိမ်းချမ်းရေး ရယူထားသော အဖွဲ့အစည်းဖြစ်ပါသည်။ မိမိတို့သည် ငြိမ်းချမ်းရေး၊ ဒေသဖွံ့ဖြိုးရေးအပေါ် အခြေခံပြုလျက် ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် တန်းတူညီတူရေး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ပြည်ထောင်စုစစ်စစ်မှု အပေါ်တွင် ရပ်တည်ထားပါသည်။

၃။ ထို့ကြောင့် ပြည်ထောင်စုပြိုကွဲရေးသို့ ဦးတည်စေသော၊ တိုင်းရင်းသားအချင်းချင်း နားလည်မှုလွဲစေသော၊ ပြည်ထောင်စု ခွဲထွက်ပြီး သီးခြားနိုင်ငံထူထောင်မည့် လွတ်လပ်ရေးကြေညာချက်ကို မိမိတို့ ရှမ်းပြည်တပ်မတော် **(SSA)** ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)နှင့် ရှမ်းပြည် အမျိုးသားတပ်မတော် **(SSNA)** တို့မှကန့်ကွက်ပါကြောင်း၊ လုံးဝမထောက်ခံပါကြောင်း သဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

ဦးကောင်တိုင်း
ဥက္ကဋ္ဌ(ကိုယ်စား)
ဗဟိုကော်မတီဝင်
SSA အထူးဒေသ(၃)

ရှမ်းပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့၏ သဘောထားကြေညာချက်

၁။ ပြည်ထောင်စုစိတ်ဓာတ်နှင့် ရှမ်းပြည်နယ်(စည်းလုံးမှု)စိတ်ဓာတ်ကို ရှင်းလင်းပြတ်သားစွာ သက်သေခံခဲ့သော ပင်လုံစာချုပ်တွင် ရှမ်းပြည်နယ်ကို ရှမ်းတိုင်းရင်းသား တစ်မျိုးတည်းကိုယ်စားပြုနေခြင်းမဟုတ်ကြောင်း၊ တိုင်းရင်းသားရှမ်းအပါအဝင် ပအိုဝ်း၊ ပလောင်၊ ခနုနှင့် အင်းသားစော်ဘွားကြီးများ လက်မှတ်ထိုးခဲ့ခြင်းကြောင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူတကွပိုင်ဆိုင်သော ရှမ်းပြည်နယ်အဖြစ် ရ-လ-လ-ဖမှ အခိုင်အမာခံယူပါသည်။

၂။ မှားယွင်းသောလူမျိုးရေးဝါဒသည် ရှမ်းပြည်နယ် တိုင်းရင်းသားလူမျိုးပေါင်းစုံ သွေးစည်းညီညွတ်ရေးကို သွေးခွဲဖျက်ဆီးပါသဖြင့် လူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ကြသော ရှမ်းပြည်နယ် အဓွန့်ရှည်ရေးကို အန္တရာယ်ပြုစေသောကြောင့် ရ-လ-လ-ဖမှ မည်ကဲ့သို့မျှ လက်ခံမည်မဟုတ်ပါ။

၃။ ထို့ကြောင့် ၂၅-၃-၂၀၀၅ရက်နေ့တွင် စဝ်ခမ်ဖဦးစီးအဖွဲ့မှ ရှမ်းပြည်ထောင်စုအစိုးရဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား လူမျိုးများအားလုံး၏ သဘောဆန္ဒမပါခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုကြီးပြိုကွဲစေမည့် လုပ်ရပ်ဖြစ်ခြင်းကြောင့် ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့မှ လုံးဝအသိအမှတ်မပြု၊ လက်မခံပါကြောင်း ကြေညာအပ်ပါသည်။

ဦးတာကလယ်
ဥက္ကဋ္ဌ
ရက်စွဲ။ ၂၀၀၅-ခုနှစ်၊ ဧပြီလ(၂၀)ရက် **ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့။**

စာမျက်နှာ ၈ ကော်လံ ၁ သို့